# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၈၆)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၄–၂–၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ စံပြစိုက်ပျိုးမွေးမြူရေးခြံအတွင်း မျိုးစေ့များခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဧလ**

## ယနေ့ ဖတ်စရာအညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၂

ရှုလော့တာဘက်ခ်ကို စာချုပ်သက်တမ်းတိုးရန် ဒေါ့မွန်အသင်းစီစဉ် — စာမျက်နှာ ၁၁

မန္တလေးလျှင်နဲ့ ဌာပနာအမွေအနှစ်များ-၂၉ (ဆောင်းပါး) — စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ အင်္ဂါနေ့။

# ရယ်စရာ၊ ရွှင်စရာစကားများကို ပြောဆိုကြရင်း စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေ

လူမှုရေးနယ်ပယ်၌ လူတစ်ဦးနှင့် တစ်ဦး ပေါင်းသင်းဆက်ဆံရာတွင် ပြုံးရယ်ခြင်းလည်းပါဝင်နေသည်။ စကားဝိုင်းတစ်ခုတွင် ရယ်မောစရာ ဟာသစကားနှောမှ အပျင်းပြေမည်ဖြစ်သည်။ "ရယ်မောခြင်းအစ ဟာသဉာဏ်က" ဟု ဆိုစမှတ်ပြုနိုင်ပါသည်။ တစ်စုံတစ်ယောက်သည် ဟာသဉာဏ်ရှိမှသာ ရယ်မောစရာများကို ပြောတတ်မည်ဖြစ်သည်။ ရယ်မောခြင်းသည် လူတိုင်းကို ဘဝအမောပြေစေနိုင်ပြီး အပျင်းလည်းပြေစေမည်ဖြစ်သည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် ရယ်စရာပြောတတ်သူကို လူအများစုက ပိုမိုခင်မင်ကြသည်။ မြန်မာအဘိဓာန်၌ ရယ်မောခြင်းကို ရယ်ပြုံးသည်၊ ရယ်မြူးသည်၊ ရယ်သွေးသည်၊ ရယ်ရယ်ဖက်ဖက် ဟု အနက်ဖွင့်ဆိုထားသည်။ ပြုံးခြင်း၊ ရယ်မောခြင်းသည် ကောင်းမွန်သော ဘဝတစ်ခု၊ ပျော်ရွှင်ဝမ်းသာသည့် ဘဝဖန်တီးနိုင်စွမ်းရှိပါသည်။ ပြုံးရယ်ခြင်းသည် စိတ်ကိုပျော်ရွှင်မှုရှိသဖြင့် ပိုမိုအသက်ရှည်စေနိုင်ပါသည်။ "ရယ်သောသူ အသက်ရှည်၏" ဟူသည့် ဆိုရိုးစကားလည်းရှိပါသည်။ ထို့ကြောင့် ရခဲလှသော လူ့ဘဝတွင် အသက်ရှည်ရှည်နေထိုင်သွားနိုင်ဖို့ ရယ်မောခြင်း လိုအပ်မည်ဖြစ်သည်။ ထို့ပြင် လူမှုရေးဓာတ်လမ်းများဖြစ်ကြသည့် ရုပ်ရှင်ဇာတ်လမ်းများတွင် အချစ်၊ အလွမ်းတို့၌ ဟာသခန်းများထည့်သွင်း ရိုက်ကူးမှုများလာသည်။

မီဒီယာလောကရှိ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင်လည်း စာဖတ်ပရိသတ်များ ရယ်မောနိုင်ရန် ဟာသကဏ္ဍ၊ကာတွန်းကဏ္ဍများ ပါဝင်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပြုံးရယ်ခြင်းသည် လူတိုင်းလူတိုင်း အသက်ရှည်ဖို့ လိုအပ်ကြောင်းပေါ်လွင် ထင်ရှားလာခဲ့သည်။

ရယ်မောခြင်းနှင့် စပ်လျဉ်းပြီး သဂါထာဝဂ္ဂသံယုတ်၊ သုဘာစာသုတ်လာ စကားပြောအင်္ဂါ ၁၀ ပါး၌ အမှတ်စဉ် တစ်ခုတွင် ပြုံးရယ်ခြင်းရှေ့ထား၍ ပြောကြားရခြင်း မိဟိတပုဗ္ဗဘာဏီဟူ၍ ပါဝင်နေသည်။

အနောက်တိုင်းလူမျိုးတို့က "အပြုံးလေးတစ်ချက်ဟာ အင်အားရှိတဲ့ အကြောင်းအရာတစ်ခုပါပဲ၊ ရေခဲကိုတောင် သင့်ရဲ့အပြုံးက ခွဲပစ်နိုင်ပါတယ်" ဟူ၍ဆိုထားသည်။ သင်သည် စကားပြောဆိုရာတွင်လည်းကောင်း၊ ပြုလုပ်မှု ဆောင်ရွက်ရာတွင်လည်းကောင်း တစ်ပါးသူအား ပြုံးရွှင်ရယ်မောလာအောင် တွေးတောနိုင်အောင် ဆွဲဆောင်ပေးနိုင်လျှင် သင့်အပေါ် ယုံကြည်မှုရရှိလာမည်ဖြစ်သည်။ စကားဝိုင်း တစ်ဝိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် ရယ်ရယ်မောမောပြောဆိုကြလျှင် ထိုစကားဝိုင်းသည် ပျင်းရိငြီးငွေ့စရာ မဟုတ်ဘဲ စိတ်နှလုံးပျော်ရွှင်မှတ်သားဖွယ်ရာ ဖြစ်လာမည်။ လူ့လောကတွင် ရယ်မောစရာ ဖြစ်ရပ်မျိုးစုံသည် လူမှုရေးကဏ္ဍ၊ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပေါင်းသင်းဆက်ဆံရေးကဏ္ဍစသည်တို့၌ စုံလင်စွာတွေ့နိုင်မည်ဖြစ်သည်။ "ပျော်ပျော်နေ သေခဲ" ဟူသည့်စကားသည်လည်းရယ်မောခြင်းကို အထောက်အကူပြု အားပေးလျက်ရှိသည်။ လူတစ်ဦးသည် တစ်နေ့လျှင် သုံးကြိမ်လောက်ပြုံးရယ်သင့်သည်။ သို့မှသာ လူ၏စိတ်မှာ နုပျိုလန်းဆန်းနေမည်ဖြစ်သည်။ ရယ်မောခြင်းသည် စိတ်ဖိစီးမှုကိုလည်း လျော့ပါးစေပါသည်။

သို့ဖြစ်ရာလူတိုင်းလူတိုင်းရယ်မောခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးကျေးဇူးတို့မှာ စိတ်ပျော်ရွှင်လန်းဆန်းမှု၊ ပြုံးပျော်ရွှင်လန်းမှု၊ လူ့ဘဝ၏ စိတ်ညစ်စရာ၊ ငြီးငွေ့စရာများ ပြေပျောက်မှု၊ အသက်ရှည်ကျန်းကျန်းမာမာနေထိုင်ရမှု၊ အပျင်းပြေမှုစသည့်တို့ကြောင့် ရယ်စရာ၊ ရွှင်စရာစကားများကို ပြောဆိုကြရင်း စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှအောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မဟာအောင်မြေမြို့နယ်၌ Grade-5၊ Grade-9 ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆို



**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-5၊ Grade-9 ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ အခြေခံပညာအထက်တန်းကျောင်းများတွင် ဖြေဆိုလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လုံခြုံရေး တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-5၊ Grade-9 စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖြေဆိုပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-5 စာမေးပွဲများကို ဖေဖော်ဝါရီ ၂၇ ရက်အထိလည်းကောင်း၊ Grade-9 စာမေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်အထိလည်းကောင်း စိတ်အေးချမ်း ပျော်ရွှင်စွာဖြေဆိုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ဇော်မင်း)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)၊ ၈၂လမ်းနှင့် ၂၄လမ်းထောင့်နှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၄လမ်း၊ ၄၄ လမ်းနှင့် ၄၅လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၄ ရက်တွင်ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားနှင့် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ရွာလယ်လမ်းမကြီးတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၀လမ်း၊ ၄၅ လမ်းနှင့် ၄၆ လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

၀-၀-၀

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိ သုံးထပ်စာသင်ဆောင် ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ကြီးများက နယ်မြေလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်နှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်း၍ လေ့ကျင့် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် အဖွဲ့ဝင်များလိုက်ပါ၍ မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန် အသား၊ ငါး၊ အသီးအရွက်များအား တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာ ရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်သည်နှင့်အညီ ဒေသတွင်း စံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား မေးမြန်းအားပေးစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မြေစိုက်ရေခဲ့အဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ AI သားစပ်ခြင်းမှ DYL မျိုးမြင့်သားပေါက်ဝက်များ၊ မျိုးမြင့်ဝက်သိုးနှင့် နို့စားနွားများ မွေးမြူထားရှိမှု၊ နေကြာပန်းများ ဝတ်မှုန်ကူးမှု လွယ်ကူအဆင်ပြေစေရန်အတွက် ဆီနေကြာနှင့် ပျားအိမ်များ ယှဉ်တွဲစိုက်ပျိုးမွေးမြူထားရှိရာ အောင်မြင်ဖြစ်ထွန်းနေမှု၊ Green House အတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်းနှင့် ခရမ်းများကို မျိုးကောင်း မျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များ ထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များ သိုလှောင်ထားရှိမှု၊ ကျောက်စိမ်း၊ တစ်သျှူး၊ သီးမွှေးငှက်ပျော စိုက်ပျိုးထားရှိမှုများ၊ မျိုးစေ့များ ခင်းကျင်းပြသထားရှိမှု၊ လား/မြင်းချေးမှ သဘာဝမြေဆွေး စမ်းသပ် ထုတ်လုပ်ထားရှိမှုများ၊ ရောဂါ ကာကွယ်ဆေးများ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အစာစပ်စက်ရုံမှ ထုတ်လုပ်သည့် တိရစ္ဆာန်အစားအစာများ ခင်းကျင်းပြသထားရှိမှု၊ ဗထူးစမ်းမှ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နေကြာ ၁၀ ဧကမှ နေကြာဆီများ ထုတ်လုပ်အောင်မြင် ဖြစ်ထွန်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းမှ ထုတ်လုပ်သည့် လား/မြင်းချေးမှ သဘာဝမြေဆွေး မြေသြဇာတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ သာ ကျသင့်ပြီး စပါး/နေကြာ တစ်ဧကလျှင် ၁၀ အိတ်ခန့် အသုံးပြုခြင်းအားဖြင့် အထွက်နှုန်း ပိုမိုတိုးတက်ကောင်းမွန်စေပြီး ပြင်ပထုတ် အခြားမြေသြဇာများထက် များစွာ ကုန်ကျစရိတ် သက်သာကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ

စာမျက်နှာ ၄ သို့ ☆

> စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန် အသား၊ ငါး၊ အသီးအရွက်များအား တပ်ရင်း / တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာ ရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်း စံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်

☆ စာမျက်နှာ ၃ မှ

☆ စာမျက်နှာ ၃ မှ

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများကို လိုက်လံမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံစားရိပ်သာအတွင်း လူနာများအတွက် ညနေစာ ထမင်း၊ ဟင်းများ ပြင်ဆင်ထားရှိမှု၊ တပ်မတော်အကြီးအကဲမှ ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ရောဂါရှာဖွေမှု အထောက်အကူပြုသည့် CT Scan စက်အသစ် တပ်ဆင်စမ်းသပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည့် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူခဲ့သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးဇုန်အတွင်း AI သားစပ်ခြင်းမှ DYL မျိုးမြှင့်သားပေါက်ဝက်များ၊ မျိုးမြှင့်ဝက်သိုးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ သင်တန်းကျောင်းများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မိသားစုများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ သင်တန်းကျောင်းစားရိပ်သာများအလိုက် သင်တန်းသားများ ညနေစာသုံးဆောင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နယ်မြေခံသင်တန်းကျောင်းများမှ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် ၁ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၄၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၄၊ ပုဒ်မခွဲ(ခ)၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်(၂၀၂၆ခုနှစ်၊ မတ်လ ၁၆ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
တီခွန်မြတ်
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ကြေညာချက်အမှတ် ၁ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မ ၁၅၄၊ ပုဒ်မခွဲ(ခ) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ကြေညာချက်အမှတ် ၂ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မ ၁၇၁၊ ပုဒ်မခွဲ(ခ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)တို့အရ တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်(၂၀၂၆ခုနှစ်၊ မတ်လ ၂၀ ရက်) သောကြာနေ့တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိကြောင်း သတင်းပို့လက်ခံဌာနများကို အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ထားရှိပါသည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

(ဂ) မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့လွှတ်တော်ရေးရာဆောင် အိုင်-၁ (I-1)

(ဃ) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်(အင်္ဂါနေ့) ထက်မစော၊ မတ်လ ၁၁ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျစေဘဲ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ရုံးက ထုတ်ပြန်ထားကြောင်း သိရသည်။

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်တွင် တည်းခိုနေထိုင်ရန် နေရာများကို အောက်ပါအတိုင်းစီစဉ်ထားရှိပါသည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

(ဂ) တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အိုင်-၁၉ (I-19)သို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်(ကြာသပတေးနေ့) ထက်မစော၊ မတ်လ ၁၃ ရက် (သောကြာနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ရုံးက ထုတ်ပြန်ထားကြောင်း သိရသည်။

## တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ကျင်းပရန်အတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (သောကြာနေ့)တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သက်ဆိုင်ရာ လွှတ်တော်ရုံးအသီးသီးသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက် (စနေနေ့) ထက်မစော၊ မတ်လ ၁၅ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ သတင်းပို့ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သိရသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5 နှင့် အခြေခံပညာအလယ်တန်းအဆင့် Grade-9(ကျောင်းတွင်းစစ်) နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲအား ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေခရိုင်နှင့် အောင်မြေသာစံခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့်Grade-5နှင့်အခြေခံပညာအလယ်တန်းအဆင့် Grade-9 (ကျောင်းတွင်းစစ်)နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲ ကျင်းပနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထိုသို့ ကြည့်ရှုရာတွင် မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၈)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃၀)အခြေခံပညာအထက်တန်းကျောင်းနှင့် အားကစားနှင့် ကာယသိပ္ပံ (မန္တလေး)၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် စာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း စာမေးပွဲဖြေဆိုမှု၊ ကျောင်းသား၊ ကျောင်းသူဦးရေ၊ စာမေးပွဲ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စာမေးပွဲကျင်းပနေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားရေး၊ အကြောင်းမဲ့ ပျက်ကွက်ခြင်းများမရှိစေရေး၊ စာမေးပွဲစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များအတိုင်း အလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5 နှင့် အခြေခံပညာအလယ်တန်းအဆင့် Grade-9 (ကျောင်းတွင်းစစ်)နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲများကို ဖေဖော်ဝါရီ ၂၃ ရက်မှ စတင်ကျင်းပရာ Grade-5 စာမေးပွဲများကို ဖေဖော်ဝါရီ ၂၇ ရက်အထိ၊ Grade-9 စာမေးပွဲများကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ Grade-5 စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၄၀၀၀ ဦးကျော်နှင့် Grade-9 စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၅၀၀၀ ဦးကျော်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







## မြင်းခြံတက္ကသိုလ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်း

**မြင်းခြံ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီ က မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အခြေခံရှေးဦးပြုစုခြင်း ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်အေးစမ်းမိုးက ပေးအပ်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်ဝင်းက ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းဖွင့်လှစ်ပေးမှုအတွက် မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ခရိုင်၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါအခြေခံ ရှေးဦးပြုစုခြင်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၁ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကို သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(၃၆၆)**



# သဒ္ဓမ္မပါလ ရဟန်းကျော်စာမေးပွဲတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တို့ဖြင့် ထူးချွန်စွာ ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာဖြေအောင်ရဟန်းကျော် ၆၅ ပါးအတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့က နဝကမ္မဝတ္ထုငွေများ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခဝြံ့ယာဘိဝံသ ဆရာတော်တို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ ဓမ္မသမိဒ္ဓိကျောင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော်နှင့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော်တို့အား ဖူးမြော်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများ ခံယူခဲ့ကြသည်။



ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံသို့ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာစ်ပြကျေးရွာ ပြင်စာမစိုးရိမ်တိုက်သစ်တွင် ကျင်းပခဲ့သည့် သဒ္ဓမ္မပါလ ရဟန်းကျော် စာမေးပွဲ၌ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တို့ဖြင့် ထူးချွန်စွာ ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော ရဟန်းကျော် ၆၅ ပါးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့ စုပေါင်းလှူဒါန်းသည့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၂ သိန်းနှင့် ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးလမ်းမှ လျှော်ဖြူကန်-ပျဉ်သာလမ်း လမ်းအနိမ့်၊ အမြင့်မြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ မန္တလေးလမ်းမှ လျှော်ဖြူကန်-ပျဉ်သာလမ်း လမ်းအနိမ့်၊ အမြင့်မြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးလမ်းမှ လျှော်ဖြူကန်-ပျဉ်သာလမ်း လမ်းအနိမ့်၊ အမြင့်မြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မန္တလေးလမ်းမှ လျှော်ဖြူကန်-ပျဉ်သာလမ်း လမ်းအရှည် ၁ ဒသမ ၆၀၉ ကီလိုမီတာ၊ လမ်းအကျယ် ၄ ဒသမ ၂၇ မီတာ၊ ထု ၇၅ မီလီမီတာရှိ လမ်းအနိမ့်၊ အမြင့်မြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်းနှင့် အရှည် ၁ ဒသမ ၅၂ မီတာ၊ အကျယ် ၇ ဒသမ ၃၂ မီတာ၊ အမြင့် ၁ ဒသမ ၅၂ မီတာရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) အထွေထွေ ပိုလျှံရန်ပုံငွေကျပ် ၁၁၀ ဒသမ ၆၄၂ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ လျှော်ဖြူကန်-ပျဉ်သာလမ်း လမ်းအနိမ့်၊ အမြင့်မြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ



## မြစ်သားမြို့နယ် ကင်းတားတမံရေလွှဲဆည်မှ နွေသီးနှံအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး

**မြစ်သား ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ ကင်းတားတမံရေလွှဲဆည်မှ ဆည်ရေများကို ယနေ့မှစတင်ပြီး စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေးအတွက် ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစွာ ရယူသုံးစွဲနိုင်ရန် နှစ်စဉ်ကင်းတားရေလွှဲဆည်မှ ဆည်ရေများကို လက်ဝဲ၊ လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ မြောင်းများမှတစ်ဆင့် စိုက်ခင်းများအရောက် စနစ်တကျ ရေဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးသွားနိုင်ရေးအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီဖြစ်သည်။

မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီအတွက် ဒေသရှိတောင်သူများ နွေစပါးနှင့်အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်ရေပေးဝေမှုအနေနဲ့ ဆည်ရေသောက်သီးနှံများဖြစ်သည့် နွေစပါး၊ နွေနှမ်းနှင့်အခြား နွေသီးနှံများအတွက် ဖေဖော်ဝါရီ ၂၃ ရက်မှ ဇွန် ၃၀ ရက်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ဒေသခံတောင်သူများက စိုက်ပျိုးရေများရယူသုံးစွဲရာတွင် ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျရယူသုံးစွဲကြဖို့ ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



**၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရထောက်ပံ့ငွေ(၄၁ ဒသမ ၄၁)သန်းနှင့် ထောက်ပံ့ကတ္တရာ(၄ ဒသမ ၈၈)တန်တို့ဖြင့် ကလောမြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်လျက်ရှိသော ကလောမြို့၊ ကလောဘူတာရှေ့ အရှေ့မြို့ပတ်လမ်း နယ်ချဲ့ကတ္တရာခင်းခြင်းလုပ်ငန်း(၄၆၀'x၂၄'x၃")ဆောင်ရွက်နေမှုအား ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကလောမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့်တာဝန်ခံ အင်ဂျင်နီယာတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၄ဝ)**

## မြို့နယ်စာရေးဆရာများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ယမန်နေ့ နံနက် ၁၀ နာရီက စာအုပ်လှူဒါန်းပွဲနှင့် မြို့နယ်စာရေးဆရာများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။


ဦးစွာ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း နာယက ဦးချစ်ထွေး၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)က ကျောက်ဆည်ခရိုင် ပြည်သူ့စာကြည့်တိုက်သို့ ကိုယ်တိုင်ရေးသားထားသည့် စာပေဗိမာန်ဆု စာပဒေသာ ဒုတိယဆုရရှိသော မြစ်ဝမဲဇာမြစ်ညာခိုတောင် စာအုပ်များအား ပေးအပ်လှူဒါန်းရာ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားနှင့် ကျောက်ဆည်ခရိုင်ပြည်သူ့စာကြည့်တိုက်မှ ပြည်သူ့အသိပညာပေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း နာယက ဦးစိုးမြင့်ဒွတ်းက စာရေးဆရာအသင်းကြီး၏ လက်ရှိအနေအထားများနှင့် ရေရှည်တည်တံ့နိုင်ရေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် အသင်းဝင် စာရေးဆရာများက ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသားများအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံရွာနှင့်တပ်မောက်ရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသားများကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် လေကြောင်းကင်းထောက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် လဲချားမြို့နယ် ဝမ်ပန်ကျေးရွာအုပ်စု နောင်လုံကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ မသင်္ကာဖွယ်အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် သွားရောက်ရှင်းလင်းစစ်ဆေးရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာတစ်ခုဖြစ်ကြောင်း တွေ့ရှိရပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ကို လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျားပေ ၈၀၊ အနံပေ ၂၀ ရှိ လူနေအဆောက်အအုံ တစ်လုံး၊ အလျားပေ ၈၀ အနံပေ ၂၀ ရှိ အလုပ်ရုံအဆောက်အအုံ တစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၂၀ ရှိ ထမင်းစားဆောင် တစ်လုံး၊ ၁၀ ခန်းတွဲအိမ်သာတစ်လုံး၊ STARLINK ဗန်းနှစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည်အသေးစိတ်နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် လဲချားမြို့နယ် တပ်မောက်ကျေးရွာ၏ အနောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာသို့အရောက်၌ တရားမဝင် တရုတ်နိုင်ငံသား ငါးဦးအား တွေ့ရှိသဖြင့်စစ်ဆေးခဲ့ရာအွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်းသိရှိရပြီး ၎င်းတို့အား ထပ်မံဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း သိရသည်။









ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံး လူနေအဆောက်အအုံများအား တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံးပစ္စည်းများအားတွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် တပ်မောက်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိမှု။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ထုတ်ဖော်ပြောကြားချက်များအရ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများသည် တရုတ်နိုင်ငံတွင် ပန်းရံ၊ ယာဉ်မောင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ကြသူများဖြစ်ပြီး ငွေကြေးအခက်အခဲများကြောင့် We Chat တွင် အလုပ်အကိုင်ရှာဖွေကြရာ တရုတ်-မြန်မာနယ်စပ်၌ ဝင်ငွေကောင်းသည့် အလုပ်အကိုင်များ ရရှိမည်ဟု စည်းရုံးပြောကြားလာခဲ့ကြောင်း၊ ထို့ကြောင့် We Chat မှ အလုပ်အကိုင် ရှာဖွေပေးသူများနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံ ဆစ်ဆောင်ပန်းနားမြို့မှ မြန်မာနိုင်ငံ ပန်ဆန်းမြို့၊ ထိုမှတစ်ဆင့် မိုင်းရယ်မြို့သို့ လည်းကောင်း၊ တရုတ်နိုင်ငံ ချောင်ချွန်းမြို့မှ မြန်မာနိုင်ငံမိုင်းလားမြို့သို့လည်းကောင်း အဆင့်ဆင့် တရားမဝင် ဝင်ရောက်လာခဲ့ကြကြောင်း၊ထို့နောက်အဆိုပါ မြို့များရှိ တရားမဝင်ရောက်ရှိနေကြသူများ၊ ထပ်မံရောက်ရှိလာကြသူများနှင့် စုပေါင်းကာ အမည်မသိသူများ၏ ခေါ်ဆောင်မှုများနောက်သို့ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့်လိုက်ပါခဲ့ကြရပြီး လက်ကိုင်ဖုန်းများအား သိမ်းဆည်းခံထားရခြင်း၊ မျက်နှာများအား အဝတ်များ စည်းထားခြင်းတို့ပြုလုပ်ခံခဲ့ရကြောင်း၊ အချို့တရုတ်နိုင်ငံသားများမှာ မိုင်းရယ်မြို့အနီးရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ၌ လုပ်ကိုင်ခဲ့ကြရကြောင်း၊ အဆိုပါနေရာများမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆက်လက်လုပ်ကိုင်ရန် ၂၀၂၅ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိခဲ့ကြကြောင်း၊ ထိုနေရာတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူ ၆၀ ခန့်ရှိပြီး ၎င်းတို့အား အစိမ်းရောင်ယူနီဖောင်းဝတ်ဆင်ထားသည့် ရှမ်းလက်နက်ကိုင်အဖွဲ့မှ အစောင့်ခုနစ်ဦးခန့်က စောင့်ကြပ်လျက် ရှိကြောင်း၊ ၎င်းနောက် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူ ၆၀ ခန့်ကို မော်တော်ယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ လက်နက်ကိုင်ဆောင်ထားသည့် အဖွဲ့များက မော်တော်ယာဉ်တစ်စီးဖြင့် လည်းကောင်း ထိုနေရာမှထွက်ခွာခဲ့ကြပြီး ယခုဖမ်းဆီးရမိသည့် နေရာအသီးသီး၌ အဖွဲ့များအား သီးသန့်စီခွဲ၍ နေရာချထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

စာမျက်နှာ ၉ သို့ ★

# ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသား ၁၆၈ ဦးအား မြန်မာနိုင်ငံသို့ ထပ်မံပြန်လည်ခေါ်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများ ပြည်ပတွင်နေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများမှတစ်ဆင့် အခက်အခဲများကို တင်ပြတောင်းခံလာပါက လိုအပ်သည့် ကူညီစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက်သတင်းပို့သည့် မြန်မာနိုင်ငံသားများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ထပ်မံခေါ်ဆောင်ပေးရာ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသား ၈၇ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ လည်းကောင်း၊ ညပိုင်းတွင် မြန်မာနိုင်ငံသား ၈၁ ဦးကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီးပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်အထိ မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား မြန်မာ့လေကြောင်းလိုင်း (MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် အသီးသီးပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယနေ့တွင်လည်း မြန်မာနိုင်ငံသား ၁၆၈ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၅၄ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့များအား ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား မင်္ဂလာဒုံ ခရိုင်/ မြို့နယ် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကမ္ဘောဒီးယားနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသား နှစ်ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၂၀၈ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၁၂၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

★ စာမျက်နှာ ၈ မှ

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီစစ်ဆေးကာလူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့်တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## ချည်မျှင်ရှည်ဝါ ဧက ၃၆၁၀ အထိ သိမ်းဆည်းပြီးစီး

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ချည်မျှင်ရှည်ဝါသီးနှံ ဧက ၃၆၁၀ အထိ ဆွတ်ခူးသိမ်းဆည်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၅၃၃ ပိဿာ ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ဝါစိုက်ခင်းများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်မှ စတင်၍ ဆွတ်ခူးသိမ်းဆည်းခဲ့ရာ ယနေ့တွင် ဧက ၃၆၁၀ အထိ သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး ဝါအထွက်နှုန်းမှာ တစ်ဧကလျှင် ၅၃၃ ပိဿာ ထွက်ရှိသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီ စိုက်ပျိုးထားတဲ့ ဝါစိုက်ခင်းတွေကို လက်ရှိမှာ ဆွတ်ခူးသိမ်းဆည်းနေကြပါတယ်။ ဒီနေ့အထိ ဧက ၃၆၀၀ ကျော် သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ ဝါဆွတ်ခူးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှု မဖြစ်စေရေးအတွက် ဆွတ်ခူးပြီးတဲ့ ဝါတွေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ထားသိုသိမ်းဆည်းရေးနည်းပညာများ အသိပညာပေးတာတွေ ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ချည်မျှင်ရှည်ဝါက ဈေးကွက်ရှိတာကြောင့် ဒေသခံတောင်သူတွေက မိုးဦးနဲ့ မိုးနှောင်းမှာ စီးပွားဖြစ်အားထားစိုက်ပျိုးကြပြီး စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

(၄၄၅)

# ကျွန်တော်နှင့် .... R. S. E(Register Senior Engineer Certificate)

**DE ဦးသန်းမြင့်ရေ…….**

ကျွန်တော်တို့တစ်တွေဟာ စက်မှုသိပ္ပံတွေ၊ စက်မှုတက္ကသိုလ်တွေကနေ A.G.T.I Certificate တွေ၊ B.E ဘွဲ့တွေ ရရှိလာကြပါတယ်။ ဒီဘွဲ့တွေဟာ တကယ်တော့ Academic လို့ခေါ်တဲ့ အသက်မွေးဝမ်းကျောင်းပညာတွေကို သင်ကြားပြီးစီးကြောင်း လက်မှတ်ပဲဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်း ပညာတတ်တာနဲ့ အပြင်မှာ ပညာရှင်အဆင့်နဲ့ လုပ်ကိုင်စားသောက်လို့ မရသေးပါဘူးခင်ဗျာ။ အပြင်မှာ လုပ်ကိုင်စားသောက်ဖို့အတွက်ကတော့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီလို့ခေါ်တဲ့ အဖွဲ့အစည်းကြီး ရှိပါတယ်။ အဲ့ဒီအဖွဲ့အစည်းကနေပြီးတော့ ကျွန်တော်တို့ စက်မှုတက္ကသိုလ်ကျောင်းဆင်းလာတဲ့ အင်ဂျင်နီယာတွေကို သတ်မှတ်တဲ့ အရည်အချင်းတွေ ပြည့်စုံမှု ရှိ၊ မရှိ၊ ပရော်ဖက်ရှင်နယ်အလုပ်တွေ လုပ်ကိုင်လို့ ရ၊ မရ၊ ဒါတွေကို စိစစ်ပြီးတော့ ကျွန်တော်တို့ကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးမှာဖြစ်တယ်။ ဒီလိုလိုင်စင်တွေ ထုတ်ပေးဖို့အတွက် ကျွန်တော်တို့က A.G.T.I ဆို (၁၀)နှစ်၊ B.E ဆိုရင် (၈)နှစ် လုပ်ငန်းခွင်သက်တမ်းကြာမြင့်တဲ့အခါ RSE Part-1 ကိုဖြေဆိုကြရမယ်။ RSE Part-1 မှာ အင်ဂျင်နီယာတွေ သိသင့်သိထိုက်တဲ့ Fundamental လို့ခေါ်တဲ့ အခြေခံသဘောတရားတွေကို မေးမြန်းမှာဖြစ်ပါတယ်။ အဲ့ဒါတွေကို ဖြေဆိုပြီးအောင်မြင်ရင် RSE Part-2 ဆက်လက်ဖြေဆိုရပါမယ်။ RSE Part-2 ဆိုတာကတော့ သက်ဆိုင်ရာ R.S.E လျှောက်ထား တဲ့သူက Construction Engineer လုပ်မှာလား၊ Struc-Ture Engineer လုပ်မှာလား၊ ဆိုတဲ့ အပေါ်မှာ မူတည်ပြီးတော့ ဘာသာရပ်အလိုက် ဖြေဆိုရမှာဖြစ်ပါတယ်။ R.S.E (Part-2) ဖြေဆိုအောင်မြင်ပြီးတဲ့အခါ မိမိတို့ အောင်မြင်အောင် ဆောင်ရွက်ခဲ့တဲ့ Project တွေကို Confidential Report ရေးရမှာဖြစ်တယ်။ အဲ့ဒီ Report က အောင်မြင်တော့မှ Viva ဖြေဆိုရပါမယ်။ Viva ဖြေဆိုတဲ့အခါ အတွေ့အကြုံရင့်ကျက်လှပြီဖြစ်တဲ့ နိုင်ငံတော်အဆင့်မှ ဆရာကြီးတွေက လူတွေ့နှုတ်ဖြေ (Viva) မေးမြန်းမှာဖြစ်ပါတယ်။ အဲ့ဒီ Viva လည်းဖြေဆို အောင်မြင်ရပါမယ်။ Confidential Report ကလည်း အောင်ရမယ်။ အဲ့ဒီအဆင့်တွေပြီးရင်တော့ R.S.E လိုင်စင်ရ အင်ဂျင်နီယာတွေအဖြစ် ဆောင်ရွက်လို့ရမှာဖြစ်ပါတယ်။ R.S.E အင်ဂျင်နီယာတွေကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အတွင်းရေးမှူး ဦးဌေးဦးကတော့ (၈)ထပ်တိုက်အထိ တာဝန်ယူဆောက်လုပ်ခွင့်ပေးမယ်လို့ ပြောကြားထားကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ …**

တင်ပြပါစစ်ဆေးနည်းအဆင့်ဆင့်ဟာ အရှေ့တောင် အာရှနိုင်ငံများ အသီးသီးမှာလည်း ဒီစနစ်နဲ့ပဲ စိစစ်သတ်မှတ်ခဲ့တာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံမှာ M.B.B.S ဘွဲ့ရပြီးလျှင် ဆေးကုသခွင့် လိုင်စင်အတွက်ကျတော့ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ ဆ/မ ဆေးကုသခွင့်လိုင်စင်ထပ်မံဖြေဆိုရသလိုမျိုးပါခင်ဗျာ။ ကိုရာဇာတို့ သင်ကြားခဲ့တဲ့ စက်မှုသိပ္ပံ၊ စက်မှုကောလိပ်၊ စက်မှုတက္ကသိုလ်တွေက သင်ကြားပေးလိုက်တဲ့လက်မှတ်တွေဟာ Academic လို့ခေါ်တဲ့ အသက်မွေးဝမ်းကျောင်း ဘာသာရပ်ဆိုင်ရာ အောင်မြင်ကြောင်း လက်မှတ်တွေဖြစ်ပါတယ်။ အဲ့ဒီလက်မှတ်တွေ ရရှိပြီးတဲ့သူတွေဟာ တင်ပြပါ MES တွေ၊ MEC တွေကနေ အသိအမှတ်ပြုတဲ့ RE( Register Engineer)/RSE(Register Senior Engineer)/PE(Professional Engineer) လိုင်စင်တွေကို ရဖို့လိုတယ်။ ဒီလိုင်စင်တွေ ရရှိတဲ့အခါလုပ်ငန်းခွင်မှာ အသုံးချရမှာဖြစ်တယ်။ အဲ့ဒါတွေကို ဘယ်နေရာမှာ အသုံးချလဲဆိုတော့ MCDC ရဲ့ (၆)မြို့နယ်၊ YCDC ရဲ့ သတ်မှတ်တဲ့ မြို့နယ်တွေ၊ NPWDC ရဲ့ သတ်မှတ်တဲ့ မြို့နယ်တွေမှာ အဆောက်အအုံတွေ ဆောက်တဲ့အခါမှာ အဆောက်အအုံရဲ့ Soil in-Vestigation Test တွေ၊ Structure Design တွေ၊ Archi design တွေ၊ နောက်တစ်ခါ လုပ်ငန်းခွင့်ပြုမိန့်တွေ၊ အဲ့ဒါတွေနဲ့အတူ တာဝန်ခံတည်ဆောက်မယ့် အင်ဂျင်နီယာရဲ့ RE, RSE, PE လက်မှတ်တွေကို တင်ပြရမှာဖြစ်တယ်။ အဲ့ဒီလိုပဲ အဆိုပါမြို့နယ်တွေအပြင် တစ်နိုင်ငံလုံးအနေနဲ့ တိုင်းစည်ပင်က ကိုင်ဆောင်ထားတဲ့ မြို့နယ်တွေမှာ ဆောက်လုပ်မယ်ဆိုရင်လည်း ဒီလို RE, RSE, PE လက်မှတ်တွေကို တင်ပြဖို့ လိုအပ်မှာဖြစ်တယ်။ အဲ့ဒါအပြင်ကို နိုင်ငံတော်အစိုးရကနေ ချမှတ်ပေးတဲ့ တိုင်းဒေသကြီး ရန်ပုံငွေလုပ်ငန်းတွေဖြစ်စေ၊ ပြည်ထောင်စုအစိုးရ ရန်ပုံငွေလုပ်ငန်းတွေဖြစ်စေ ဆောင်ရွက်ကြတဲ့အခါ အဲ့ဒီလုပ်ငန်းတွေမှာလည်း လုပ်ငန်းတင်ဒါတွေ ဝင်ပြိုင်လို့ရှိရင် တစ်ဦးတည်းဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ၊ တစ်ဦးတည်းရဲ့ အင်ဂျင်နီယာရဲ့ RE, RSE, PE လက်မှတ်တွေလိုမယ်။ ကုမ္ပဏီမှာ အင်ဂျင်နီယာဖြစ်ရင်လည်း ကုမ္ပဏီအင်ဂျင်နီယာရဲ့ RE, RSE , PE လက်မှတ်တွေကို တင်ပြရမှာဖြစ်တယ်။ ဒါကြောင့် ဒီလက်မှတ်တွေကို ဘယ်လို Certificate ရတဲ့သူတွေက လျှောက်ထားခွင့်ရှိတယ်။ ဒီလို လိုင်စင်၊ Certificate တွေရအောင်လို့ ဘယ်လိုတွေ ဖြေဆိုကြရတယ်။ ရပြီးလို့ရှိရင် ဘယ်လိုတွေ အသုံးပြုလို့ရတယ်ဆိုတာကို တင်ပြလိုက်ရခြင်းဖြစ်ပါတယ်ခင်ဗျာ ။

**ရွှေဇင်**

# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁ ရက်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ယခုတစ်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်သည့်အခြေအနေ**

မိုးရွာသွန်းနိုင်သည့်အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

အမြင့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၃ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄၀ ဒီဂရီဖာရင်ဟိုက်မှ ၅၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၅၂ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင်



၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**လေထုစိုထိုင်းဆ အခြေအနေ**

လေထုစိုထိုင်းဆမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း နှင့် မြောက်ပိုင်း)တို့တွင် ၂၃မီလီမီတာမှ ၃၃မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**ရွှေမန်း**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ




**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်အတွင်းရှိ ဆိုင်ကယ်ဘေးတွဲ၊ နောက်တွဲ၊ သုံးဘီး၊ မီးနီအိုးဝေ မောင်းနှင်သူများ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လေးစားလိုက်နာစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်ပယ်အားကစားကွင်း မိုးလုံ လေလုံခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ရှေးဦးစွာ တောင်တွင်းကြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်ဖြိုးထက်ထက်အောင်က မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပါ မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ လိုက်နာကြရမည့် အချက်များ၊ မော်တော်ယာဉ်စီမံခန့်ခွဲရေးဥပဒေပုဒ်မပါ အရေးယူအပြစ်ပေးနိုင်သော အချက်များ ကို အသေးစိတ် အသိပညာပေး ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ဒုအရာခံဗိုလ်စိုးပိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက တက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုအရာခံဗိုလ်နှင့် ဝန်ထမ်းများ၊ ဆိုင်ကယ်ဘေးတွဲ၊ နောက်တွဲ၊ သုံးဘီး၊ မီးနီအိုးဝေ မောင်းနှင်သူများ စုစုပေါင်း ၅၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဇီသနီးမြေ)**

# နိုင်ငံတကာ အားကစား သတင်းများ

## ပါဗယ်ဆူလ်ကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်းနှင့် စပါးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် အက်စတွန်ဗီလာအသင်းနှင့် စပါးအသင်းတို့သည် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမား ပါဗယ်ဆူလ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည်



လိုင်ယွန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လိုင်ယွန်အသင်းကလည်း ပါဗယ်ဆူလ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ (ဝဲပုံ)

ထို့ကြောင့် အက်စတွန်ဗီလာအသင်းနှင့်စပါးအသင်းတို့အနေဖြင့် လိုင်ယွန်အသင်းထံမှ ပါဗယ်ဆူလ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## စပါးအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း နည်းပြ အာတီတာ ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက စပါးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြအာတီတာက ယခုလို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း၊ အသင်းသားများ၏ ခြေစွမ်းကိုလည်း ချီးကျူးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ (အပေါ်ပုံ)

အာဆင်နယ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၂မိနစ်နှင့် ၆၁မိနစ်တွင် အီဇီ၊ ပွဲချိန် ၄၇မိနစ်နှင့် (၉၀+၄)မိနစ်တွင် ယိုကယ်ရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက 'အခုလို စပါးအသင်းကို အနိုင်ရရှိလို့ အလွန်ကျေနပ်မိပါတယ်။ ဒီပွဲမှာ အသင်းသားတွေရဲ့ ခြေစွမ်းကလည်း အံ့မခန်းကောင်းမွန်ပါတယ်။ နောက်ထပ်လာမယ့်ပွဲစဉ်တိုင်းမှာ ယခုလို နိုင်ပွဲတွေ ရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၂၈)ကစားအပြီးတွင် ရမှတ် ၆၁မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည်။ (NGB)

## ရှလော့တာဘက်ခ်ကို စာချုပ်သက်တမ်းတိုးရန် ဒေါ့မွန်အသင်းစီစဉ်

**မြူးနစ် ဖေဖော်ဝါရီ ၂၃**

ဒေါ့မွန်အသင်းသည် အသင်းနောက်ခံကစားသမား ရှလော့တာဘက်ခ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် စပိန်လာလီဂါကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဒေါ့မွန်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။ (ယာပုံ)

နောက်ခံကစားသမား ရှလော့တာဘက်ခ်သည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၅၀ ကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဒေါ့မွန်အသင်း၏ ထုတ်ပြန်ချက်တွင် 'ရှလော့တာဘက်ခ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။

(NGB)



## ဂျော်ရီဂျီဇာ ခြေထောက်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၃**

ဘီလ်ဘာအိုအသင်း ကွင်းလယ်ကစားသမား ဂျော်ရီဂျီဇာသည် ခြေထောက်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစား



သမားသည် ဘီလ်ဘာအိုအသင်းက အိုဗီဒိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျော်ရီဂျီဇာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘီလ်ဘာအိုအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (ဝဲပုံ)

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျော်ရီဂျီဇာသည် ဘီလ်ဘာအိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ပွဲကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။(NGB)

## 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Alina Charaeva ဆွတ်ခူး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရုရှားတင်းနစ်မယ် Alina Charaeva က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။




အဆိုပါ ရုရှားတင်းနစ်မယ် Alina Charaeva သည် 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တရုတ်တင်းနစ်မယ် Guo Hanyu ကို ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Alina Charaeva က 'ကျွန်မ အခုလို 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်မကိုအားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်'ဟု ပြောသည်။ (အပေါ်ပုံ)

(NGB)

## ဂျိုးဂိုးမက်ဇ် လီဗာပူးအသင်းမှ ထွက်ခွာမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

လီဗာပူးအသင်း နောက်ခံကစားသမား ဂိုးဂိုးမက်ဇ်သည် ယခုနှစ်ဘောလုံးရာသီအကုန်အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဂျိုးဂိုးမက်ဇ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၁ပွဲကစားပြီး အကောင်းဆုံးခြေစွမ်းပြထားသည်။ (ယာပုံ)



ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် လီဗာပူးအသင်းမှ ထွက်ခွာမည်ဖြစ်သော ဂျိုးဂိုးမက်ဇ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(၃-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၅-၂-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀:၁၅နာရီ | အက်သလက်တီကို (စပိန်-၄) - ကလပ်ဘရုဂျက် (ဘယ်လ်ဂျီယံ-၃) | ကလပ်ဘရုဂျက် ၃-၃ အက်သလက်တီကို |
| ၂၅-၂-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် ၀၂:၃၀နာရီ | လေဗာကူဆင် (ဂျာမနီ-၆) - အိုလံပီယာကို့စ် (ဂရိ-၂) | အိုလံပီယာကို့စ် ၀-၂ လေဗာကူဆင် |
| ။ | ။ | အင်တာမီလန် (အီတလီ-၁) - ဘိုဒိုဂလင့် (နော်ဝေ-၂) | ဘိုဒိုဂလင့် ၃-၁ အင်တာမီလန် |
| ။ | ။ | နယူးကာဆယ် (အင်္ဂလန်-၁၁) - ကွာရာဘတ် (အဇာဘိုင်ဂျန်-၂) | ကွာရာဘတ် ၁-၆ နယူးကာဆယ် |

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၂-၂၀၂၆ နံနက်၀၂:၁၅နာရီ | (၂၀)ဘလက်ဘန်း - ဘရစ္စတိုး(၁၂) (L,W,L,W,W) (W,L,W,D,L) | ဘလက်ဘန်း ၃-၀ ဘရစ္စတိုး<br>ဘရစ္စတိုး ၂-၁ ဘလက်ဘန်း |
| ။ | (၂)မစ်ဒယ်ဘရော့ - လက်စတာ(၂၂) (W,W,W,L,D) (L,L,L,L,D) | မစ်ဒယ်ဘရော့ ၁-၂ လက်စတာ<br>လက်စတာ ၁-၂ မစ်ဒယ်ဘရော့ |
| ။ | (၉)ဝက်ဖို့ဒ် - အစ်ဆွစ်ချ်(၄) (L,D,L,D,W) (L,D,W,L,L) | ဝက်ဖို့ဒ် ၁-၂ အစ်ဆွစ်ချ်<br>အစ်ဆွစ်ချ် ၀-၀ ဝက်ဖို့ဒ် |
| ။ | (၂၁)ဝက်စ်ဘရွန်း - ချာလ်တန်(၁၇) (L,D,D,L,L) (W,D,W,L,D) | ဝက်စ်ဘရွန်း ၂-၂ ချာလ်တန်<br>ချာလ်တန် ၂-၂ ဝက်စ်ဘရွန်း |
| ။ | (၁၅)ဆွမ်ဆီး - ပရက်စတန်(၁၀) (L,W,W,L,W) (L,D,W,D,L) | ဆွမ်ဆီး ၃-၀ ပရက်စတန်<br>ပရက်စတန် ၀-၀ ဆွမ်ဆီး |
| ၂၅-၂-၂၀၂၆ နံနက်၀၂:၃၀နာရီ | (၁၁)ဆောက်သမ်တန် - ကျူးပီအာ(၁၃) (W,W,W,W,D) (L,W,D,L,W) | ဆောက်သမ်တန် ၂-၁ ကျူးပီအာ<br>ကျူးပီအာ ၀-၁ ဆောက်သမ်တန် |

## မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၉) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၂-၂၀၂၆ အင်္ဂါနေ့ | ညနေ ၃:၃၀နာရီ | (၃)အုံ - ရှိုင်(၉) (L,W,D,W,W) (W,D,W,D,L) | အုံ ၁-၀ ရှိုင်<br>ရှိုင် ၁-၅ အုံ |
| ၂၄-၂-၂၀၂၆ အင်္ဂါနေ့ | ညနေ၄:၀၀နာရီ | (၄)ဟံသာဝတီ - ရတနာပုံ(၈) (L,W,D,W,D) (D,L,L,L,L) | ဟံသာဝတီ ၁-၀ ရတနာပုံ<br>ရတနာပုံ ၁-၂ ဟံသာဝတီ |

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်ရွက်ခြောက်အမှိုက်များ မီးရှို့ခြင်းကြောင့် လေထုအရည်အသွေး ကျဆင်းစေနိုင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ လူနေရပ်ကွက် နေရာအနှံ့အပြားတွင် နံနက်စောစောပိုင်းနှင့် ညနေပိုင်းများတွင် သစ်ရွက်ခြောက်အမှိုက်များကို မီးပုံရှို့ခြင်းကြောင့် လေထုအရည်အသွေး ကျဆင်းစေနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးတွင် ပြောကြားသည်။



"စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ လူနေရပ်ကွက် နေရာအနှံ့အပြားမှာ နံနက်စောစောပိုင်းနဲ့ ညနေပိုင်းတွေမှာ သစ်ရွက်ခြောက်အမှိုက်တွေကို မီးပုံရှို့တာကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေထုအရည်အသွေး ကျဆင်းစေနိုင်တယ်။ ရေရှည်မှာ အများပြည်သူရဲ့ ကျန်းမာရေး၊ လူမှုစီးပွားရေးတွေကိုပါ ထိခိုက်စေနိုင်တာကြောင့် အမှိုက်တွေကို စည်းကမ်းမဲ့ မီးမရှို့စေဖို့ ပိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားကြဖို့ လိုတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးခိုးမြူငွေ့တွေ ညစ်ညမ်းမှုလျော့နည်းစေဖို့ အဖွဲ့ဝင်တွေအားလုံး ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်တယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မီးလောင်မှုအရေအတွက်များပြားနေခြင်းကို လျှော့ချနိုင်ရေးနှင့် မီးခိုးငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပရာ၌ ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာများနှင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးလောင်မှု အရေအတွက် များပြားနေခြင်းကို လျှော့ချနိုင်ရေးနှင့် မီးခိုးငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၉၄)**

## မြို့သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဂန့်ဂေါခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများပူးပေါင်း၍ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီက ကျောတိုက်ရပ်ကွက် မြစ်သာခန်းမရှေ့နှင့် လေယာဉ်ကွင်းဟောင်းနေရာတို့တွင် စုပေါင်းသန့်ရှင်းရေးများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းဆောင်ရွက်ရာတွင် ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင် ဦးဆောင်သည့် ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ကျောတိုက်ရပ်ကွက် မြစ်သာခန်းမရှေ့ လေယာဉ်ကွင်းဟောင်းရှိ ချုံနွယ်များ၊ ပေါင်းပင်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်း၍ အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်မျိုးမင်း**

*-*-*-*-*





## စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိရေး၊ ဥပဒေနှင့်အညီ ထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိရေး၊ ဥပဒေနှင့်အညီ ထုတ်လုပ်ရေး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက စဥ့်ကိုင်မြို့နယ်အတွင်းရှိ စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလတ်နှင့် ဝန်ထမ်းများက စဥ့်ကိုင်မြို့နယ်အတွင်းရှိ 'ငွေစင်ယော်' နို့အေးနှင့် ဒိန်ချဥ်ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းသို့ ကွင်းဆင်း၍ ထုတ်ကုန်များတွင် ပါဝင်သည့် ပါဝင်ပစ္စည်းများ၊ ထားသိုနည်းများနှင့် စားသုံးရန်အညွှန်းများ၊ သတိပြုရန် အချက်အလက်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ချောများထုတ်လုပ်ရာ၌ အရည်အသွေးပြည့်ဝသည့် ကုန်ကြမ်းပစ္စည်းများ သုံးစွဲရေး၊ ထုတ်ကုန်များကို ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်စွာထုပ်ပိုး၍ အလေးထားဆောင်ရွက်ရေး၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများ၏ ပြဋ္ဌာန်းချက်များ လိုက်နာစေရေးတို့ကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၅)**

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ယမန်နေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားကြီးမဏ္ဍပ်တွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင် မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ဒုတိယအကြိမ်၊ ခြောက်လမှာ တတိယအကြိမ်ထိုးနှံရပြီး အသက်ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ) အကြိမ်နှင့် အသက်တစ်နှစ်ခွဲမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ) ဦးနှောက်အမြေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

*-*-*-*-*

## သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိ

**မြစ်သား ဖေဖော်ဝါရီ ၂၃**


မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်နေတောင်သူများသည် မြေအောက်ရေနှင့်ကင်းတားဆည်ရေကို အသုံးပြု၍ စိုက်ပျိုးထားသော သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် အဓိကစိုက်ပျိုးကြသောသီးနှံများမှာ စပါး၊ နှမ်း၊ ပဲအမျိုးမျိုး၊ ဖူးစားပြောင်း၊ နေကြာ၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်၊ ခရမ်းသီး စသည့် ကာလတို သီးနှံအမျိုးမျိုးတို့အပြင် နှစ်ရှည်သီးနှံဖြစ်သည့် မာလကာ၊ သင်္ဘော၊ ငှက်ပျော၊ နဂါးမောက် စသည့် သီးနှံများကိုလည်း စိုက်ပျိုးကြသည်။

**(ယာပုံ)**

သင်္ဘောကို မိုးဦးကာလဖြစ်သည့် ဧပြီလတွင် နွားချေး၊ မြေဆွေး၊ နှန်းမြေ၊ သဲတို့ဖြင့်ရောစပ်ကာ ၅ လက်မ၊ ၉ လက်မအိတ်များထဲသို့ထည့်သွင်းပြီး တစ်အိတ်တစ်စေ့နှုန်းဖြင့် စတင်ပျိုးထောင်ကာ တစ်လသားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးကြသည်။ ပြောင်းရွှေ့မစိုက်ပျိုးမီ သင်္ဘောစိုက်ပျိုးမည့် ယာကွက်ကို ကြိုတင်ထွန်ယက်ပြီး သင်္ဘောပင်များ အပင်သေပျောက်မှုမရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များကို ရွေးချယ်၍ နေရောင်ခြည်ကောင်းစွာရရှိစေရန်နှင့် လေလေဝင်၊ လေထွက်ကောင်းမွန်စေရန် တစ်ပင်နှင့် တစ်ပင် ရစ်ပေခြားကာ အလျား၊ အနံ၊ အနက် နှစ်ပေရှိသည့် စိုက်ကျင်းများအတွင်း နွားချေး၊ နုန်းမြေ၊ မြေဆွေးတို့ကို ဆတူရောပြီး ကြိုတင်ထည့်ထားကာ စိုက်ပျိုးကြရသည်။ လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေး၊ ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်းနှင့် ရာသီဥတုအခြေအနေပေါ် မူတည်၍ ရေသွင်းခြင်း၊ မြေဩဇာကျွေးခြင်းများလည်း ပြုလုပ်ပေးရသည်။ နှစ်တင်းဝင် ဆာလာအိတ် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်း ရောင်းချရပြီး ယခုအခါ ထွက်ရှိလာသော သင်္ဘောအသီးများကို ဖောက်သည်များမှ ခြံများအထိ လာရောက်ခူးယူပြီး မြစ်သားမြို့ ဈေးများတွင် ရောင်းချကြောင်း သင်္ဘောစိုက်တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



# အသက်ကြီးလာလျှင် ကြိုတင်ပြင်ဆင်ထားသင့်သော ‘အို (၅)အို’

ကျွန်ုပ်တို့လူသားများသည် ဇရာကို ရင်ဆိုင်ကြုံတွေ့လာရစမြဲဖြစ်ပါသည်။ မွေးဖွားလာခြင်းသည် ဇရာဖြစ်ရန် အစပျိုးခြင်းပင်ဖြစ်ပါတော့သည်။ ဇရာ ခေါ် အိုခြင်းကို လိုက်လျောညီထွေဖြစ်စေရန် ဘယ်လိုပြင်ဆင်ရမလဲဆိုသည့် အချက်ကို သိထားသင့်ပါသည်။ ဗဟုသုတအဖြစ် တင်ပြရသော် ‘အိုစဉ်’ ပြင်ဆင်စရာအချက်ငါးချက်ဖြစ်သည့် ‘အို (၅)အို’ ကို တွေ့ရှိရသည်။ (၁)အိုဖော်၊ (၂) အိုသိုက်၊ (၃) အိုစာ၊ (၄)အိုရေး၊ (၅) အိုစိတ်တို့ပင် ဖြစ်သည်။

**(၁) အိုဖော်(လင်မယားအို)**

ပျိုရွယ်စဉ်တွင် လက်တွဲဖော်ချစ်သူရှာကြသည်မှာ ဓမ္မတာဖြစ်ပါသည်။ အရွယ်ကောင်းတွင် ‘အကြင်လင်မယား’ ဖြစ်၍ အသက်ကြီးလာသောအခါ ‘အိုဖော်’ ဖြစ်လာကြသည်။ အိုဖော်အဖြစ် ခံယူသည့်အခါ လင်နှင့်မယားမေတ္တာအတိုင်း ကောင်းမွန်ဖို့ လိုအပ်ပါသည်။ ငယ်ရွယ်စဉ်က မြတ်နိုးချစ်ခင်ကြပေမယ့် အသက်ကြီးလာသောအခါ တစ်ယောက်နှင့်တစ်ယောက် မကြည့်ချင်အောင် မဖြစ်သင့်ပါပေ။ တစ်ဦးနှင့်တစ်ဦးလည်း အပြစ်မဖို့သင့်ပေ။ မိမိတို့၏ ရပ်တည်ချက် မှန်ကန်ဖို့ လိုပါသည်။ အချင်းချင်း အမှီသဟဲပြုသော အဖော်မွန်ကောင်းဖြစ်ဖို့ လိုပါသည်။ ငယ်ငယ်က အချစ်ကြီးသလောက် ဘယ်လိုပင် နေခဲ့ နေခဲ့ အိုမင်းလာလျှင် အပြန်အလှန်စောင့်ရှောက်ရန် ပြင်ဆင်သင့်လှပါသည်။ ကိုယ့်အပေါ် ကောင်းစေချင်လျှင် ကိုယ်က သူ့အပေါ်ကောင်းထားဖို့ လိုပါသည်။ တစ်ဦးနှင့်တစ်ဦး အသက်တမျှချစ်သည်ဆိုသည်ကို အိုလာသောအခါ သက်သေပြဖို့ လိုလာပါသည်။နှစ်ကိုယ်တူအားပေးစကားပြောရင်း တရားဘာဝနာလေ့လာအကြံပေးခြင်းဖြင့် အိုခြင်းကို ကြည်ဖြူစွာလက်ခံကြရမှာဖြစ်ပါသည်။ ထမင်း၊ ဟင်း အစားအစာကို ကြေးမများဘဲ သင့်တင့်မျှတစွာ စားသောက်ဖို့ လိုအပ်လှပါသည်။ ‘ဝ’ သုံးလုံးကိုလည်း ဆောင်ဖို့လိုပါသည်။ လူများနှင့် ‘ဝေးဝေးနေ’၊ အစားအစာကို ‘ဝဝစား’၊ အလုပ်ကိစ္စများကို ‘ဝင်မရှုပ်ပါနှင့်’ ဟု ဆိုလိုရင်းဖြစ်ပါသည်။ သို့မှသာ သား၊ သမီး၊ မြေး၊ မြစ်တို့၏ ချစ်ခြင်း၊ သံယောဇဉ်တွယ်တာခြင်းကို ခံစားရပါမည်။ မင်းကွန်းမဏ္ဍနာဒဆရာတော်ကြီး၏ မိန့်မှာချက်မှာ ‘အိုလာရင် သားသမီးများနှင့်တည့်အောင်နေထိုင်ပါ’ ဟူ၍ ဖြစ်ပါသည်။

**(၂) အိုသိုက်(နေအိမ်)**

အရွယ်ကောင်းစဉ်က ကြိုးစားရုန်းကန်စုဆောင်းပြီး အိုမင်းလာသောအခါ အိုသိုက်(ခေါ်) ကိုယ်ပိုင်နေအိမ်လေးရှိဖို့ လိုအပ်လှပါသည်။ မိမိအိမ်ကိုလည်း မသေမချင်း ထိန်းသိမ်းရသည်မှာ လောကဓမ္မတာပင်ဖြစ်ပါသည်။ ပြုပြင်၊ ပြင်ဆင်စရာရှိလျှင်လည်း ပြင်ဆင်မွမ်းမံရပါမည်။ သား၊ သမီးများကို နေထိုင်စရာ ငှဲညှာပြီး စောစီးစွာ အမွေပေးပစ်ခြင်းဖြင့် မိမိအိမ်ကို လက်မလွှတ်သင့်ပါပေ။ အခန့်မသင့်လျှင် လမ်းဘေးနေရတတ်ပါသည်။ မိမိတို့ ခေါင်းချသွားပြီးနောက် သားသမီးများသည် မိဘ၏အမွေကို ဧကန်ဆက်ခံမည်ဖြစ်သည်။ သို့မှသာ ... အော် ... မိဘအိမ်လေးပါလားဆိုသောအသိဖြင့် ရှိသေစွာ စောင့်ရှောက် ထိန်းသိမ်းကြမည်ဖြစ်ပါသည်။ မိဘများကြိုးစားစုဆောင်းထားသလောက် သားသမီးများ စံစားရမည်ဖြစ်သည်။ မိသားစုနေထိုင်စရာအိမ်သည် ကြီးသည်၊ ငယ်သည် ပဓာနမဟုတ်။ သားသမီးများအတွက် ကွန်းခိုရာ လုံခြုံအေးမြရာအဖြစ် မိဘ၏ အမွေချန်ထားနိုင်ခဲ့ခြင်းသည်သာ ပီတိအမြတ်ဖြစ်ပါသည်။

**(၃) အိုစာ(ငွေကြေး)**

အိုစာ၊ မင်းစာဟု ရှေးလူကြီးများ ဆိုစမှတ်ပြုခဲ့ပါသည်။ အိုမင်းချိန်အတွက်၊ ရွှေ၊ ငွေ၊ ပိုက်ဆံများ ချန်ထားသင့်ပါသည်။ သားသမီးများကို ယုံကြည်ကာ အမွေအားလုံးကို ပုံပြီးမပေးလိုက်သင့်ပါပေ။ ကျွန်ယုံ ‘တစ်ဖက်ကန်း’၊ သားသမီးယုံ ‘စုံလုံးကန်း’ ဆိုသော မြန်မာစကားပုံရှိသည်မဟုတ်ပါလား။ အိုမင်းမစွမ်းကာလဖြစ်သော နောက်ဆုံးအချိန်လေးတွင် ငွေလက်ထဲမရှိလျှင် ပျော်ရွှင်မှုရှိနိုင်မည်မဟုတ်ပါ။ တစ်ဘဝလုံး အလုပ်ကြိုးစားခဲ့သမျှ ဤနောက်ဆုံး အိုမင်းသွားတဲ့အချိန်နှင့်အတူ တစ်ကိုယ်တည်း စိတ်ငြိမ်စွာနေရုံမှတစ်ပါး အခြားမရှိနိုင်ပါ။ လောကသဘာဝအရ ငွေမရှိလျှင် သားသမီးများသည် မိဘစကားကို အလေးမထားကြပါပေ။ သူတို့ကို ကြီးပြင်းအောင် ကျွေးမွေးခဲ့ပေမယ့် တစ်နေ့ အိုချိန်မှာတော့ ဘာမှမရှိတဲ့ မိဘရဲ့စကားသည် အိမ်ထဲမှာ အသံတိုးတိုးလေးပဲ ဖြစ်နေပါတော့သည်။ အိုချိန်၊ ငွေကြေးမရှိလျှင် နာမကျန်းဖြစ်တဲ့အခါ အားငယ်မည်။ ငွေအားနည်းသည့်အတွက် ကာကွယ်စရာမရှိပေ။ဆရာဝန်ဖိုး၊ဆေးဖိုး၊ဆေးရုံသွားစရိတ်စသည်တို့သည် သက်ကြီးရွယ်အိုများကို ညှာတာလေ့မရှိပါပေ။ လက်တွေ့ဘဝတွင် ပုံပြင်ထဲကလို အမြဲကူညီစောင့်ရှောက်မည့်သူ ရှိတာမျိုးမဟုတ်ပါပေ။ လောကကြီးထဲတွင် တကယ်ဖြစ်ပျက်ခဲ့သည့် သင်ခန်းစာများကို ကြည့်မြင်၍ ‘အိုစာ’ ကို လုံလောက်စွာ ထားသင့်လှပါသည်။ သားသမီးများကို အမွေခွဲဝေပေးလျှင်လည်း ‘အိုစာ’ ကို ချန်ထားသင့်သည်။ လိုအပ်လျှင်သုံးစွဲရန်နှင့် ကုသိုလ်ကောင်းမှုပြုလုပ်ရန်လည်း ကျန်သေးသည် မဟုတ်ပါလား။

အိမ်ထောင်ရေး၊ အချစ်၏သဘာဝသည် မျိုးဆက်တစ်ခုနှင့်တစ်ခု လက်ဆင့်ကမ်းသည်။ မိဘသည် သားသမီး ဆယ်ယောက်ကို ဝလင်စွာကျွေးမွေးနိုင်ပေမယ့် သားသမီး ဆယ်ယောက်သည် မိဘနှစ်ပါးကို ကျွေးမွေးရန် ငြင်းပြင်တတ်ကြသည်ဟု စကားပုံရှိခဲ့ဖူးပါသည်။ ထို့ကြောင့် ‘အိုစာ’ ကို စုဆောင်းကြရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။

**(၄) အိုရေး(ကျန်းမာရေး)**

အိုလာလျှင် ကျန်းမာရေးကို ဂရုစိုက်သင့်ပါသည်။ နံနက် မိုးသောက်ရောက်တိုင်း ပုံမှန်လမ်းလျှောက်သင့်သည်။ လေကောင်းလေသန့်ကို ဝလင်စွာ ရှူသွင်း၊ရှူထုတ် လုပ်သင့်သည်။ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်းတို့ကိုလည်း မပြတ်လုပ်ဆောင်သင့်သည်။ မိမိခန္ဓာကိုယ်ကို လှုပ်ရှားနိုင်သမျှကျန်းမာရေးလေ့ကျင့်ခန်းများကို လုပ်သင့်သည်။ မိအို၊ ဖအိုတို့၏ ကျန်းမာရေးကောင်းမွန်မှုသည် သားသမီးများကို စိတ်ရွှင်လန်းစေပါသည်။ သူတို့တွေသည် လာဘ်တစ်ပါးဟုပင် ဆိုရလောက်ပါသည်။ မိဘတို့အတွက် မပူပင်ရတာကြောင့် စီးပွားရေး၊ ကြီးပွားရေး၊ လူမှုဆောင်တာဟူသမျှကို လွတ်လပ်ပျော်ရွှင်စွာ လုပ်ကိုင်နိုင်သည်။သားသမီးများ စီးပွားတိုးတက်၊ ကြီးပွားချမ်းသာလေ၊ စိတ်နှင့်ကိုယ် ကျန်းမာလေ၊ မိအို၊ ဖအိုတို့အတွက် အိုကံကောင်းလေပင်ဖြစ်ပါသည်။ အိုလာသောအခါ မိမိကိုယ်ကို စနစ်တကျ စောင့်ရှောက်ခြင်းသည် မိသားစုကို အကူအညီပေးရာရောက်ပါသည်။ ကိုယ့်အတွက်နှင့် တစ်ပါးသူ ဒုက္ခမရောက်စေခြင်းဖြင့် မိမိရော အခြားသူပါ စိတ်အေးချမ်းမှုကို ရပါသည်။ အိုမင်းလာသောအခါ မိသားစုကို စိတ်အေးချမ်းမှုပေးနိုင်သော နည်းလမ်းသောအခါ မိသားစုကို စိတ်အေးချမ်းမှုပေးနိုင်သောနည်းလမ်းများစွာရှိပါသည်။ အစားအသောက်မများအောင် ရွေးချယ်စားသောက်ခြင်း၊ နာမကျန်းမဖြစ်အောင် ရေချိုးဆင်ခြင်ခြင်း၊ အထိုင်၊ အထ သွားလာလှုပ်ရှားမှုတွင် သတိကပ်ခြင်း၊ စကားပြောသင့်၊ မပြောသင့်အချိန်အခါ စကားလုံးတို့ကို ရွေးချယ်ခြင်း၊ လူကောင်းသူကောင်းများကို ရွေးချယ်ဧည့်ခံခြင်း၊ ပေးကမ်းထိုက်သူကို မျှဝေပေးခြင်း စသည်တို့သည် ‘အိုမင်း’ ချိန်အတွက် စိတ်ကျန်းမာကိုယ်ချမ်းသာ၍ မိသားစုအားလုံး စိတ်ပျော်ရွှင်လွတ်လပ်ပေါ့ပါးစေပါသည်။

**(၅) အိုစိတ်(စိတ်နေစိတ်ထား)**

အိုလာလျှင် စိတ်နေစိတ်ထား မှန်ကန်စွာထားတတ်ဖို့ လိုပါသည်။ အိုလာတဲ့အတွက် မိမိကိုယ်ကို အသုံးမကျတော့ဘူးဟု စိတ်ဓာတ်မကျသင့်ပါပေ။ သိမ်ငယ်စိတ်လည်း မဖြစ်သင့်ပေ။ သေခြင်းတရားကိုလည်း တွေးတော၍ ကြောက်စိတ်မဝင်သင့်ပေ။ လူသည် သေမျိုးဖြစ်သည့်အတွက် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် သေရမည်မှာ အမှန်ပဲဟု ရဲရင့်စွာ ရင်ဆိုင်ရပါမည်။ သေလျှင် ကောင်းသော သုဂတိဘုံသို့ ရောက်နိုင်သော ကုသိုလ်အမှုကို ပြုကျင့်၍ သေခြင်းတရားကို စောင့်နေရပါမည်။ အချိန်မရွေးသေနိုင်သည်ကို သတိချပ်နေရမည်။ တစ်ရက်အသက်ရှင်လျှင် တစ်ရက်အမြတ်ပဲဟု တန်အောင် စိတ်ကို မွေးမြူထားရပေမည်။ အိပ်ရာမှနိုးထတိုင်း အော် ... ငါ မသေသေးပါလား၊ ကောင်းမှုကုသိုလ်လုပ်နိုင်သေးပါလားဆိုပြီး ပျော်ရွှင်စွာ နေထိုင်ရပါမည်။ လောကကြီးကို အကောင်းမြင်စိတ်ဖြင့် ကုသိုလ်များ ပွားများရပါမည်။ နည်းများမဟူ အလှူဒါနပြု၍ သီလကို စင်ကြယ်စွာဆောက်တည်နေရပါမည်။ နောက်ဆုံးတွင် ဒါနပြုရုံဖြင့် အပါယ်မလွတ်၊ သီလစောင့်ထိန်းခြင်းဖြင့် အရိယာမဖြစ်။ ဘာဝနာစီးဖြန်းမှသာ သံသရာဝဋ်ကျွတ်ရာရောက်မည်ဟူသော ပညာအသိဖြင့် တရားထိုင်ခြင်း၊ မေတ္တာပို့သခြင်း၊ တရားစာများ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသည့် သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အလုပ်တို့ဖြင့် အချိန်ကို ကုန်လွန်စေပြီး မိမိ၏ အိုစိတ်ကို အကျိုးရှိစွာ မွေးမြူကာ ဘာသာရေးပွဲများ၊ အလှူပွဲများ၊ ကုသိုလ်ရေးရာလှုပ်ရှားမှုများတွင် စိတ်အား၊ လူအင်အားဖြင့် တတ်နိုင်သမျှ ကူညီပေးခြင်းတို့ကို ပြုပေးရသည်။ စိတ်ကို ကြည်လင်စွာ နှလုံးသွင်းဆင်ခြင်သလို မိမိ၏ခန္ဓာကိုယ်ကိုလည်း သန့်သန့်ပြန့်ပြန့်နေထိုင်သင့်ပါကြောင်း စာရေးဆရာမှ "Than Dar Han" ၏ အသက်ကြီးလာလျှင် ပြင်ဆင်ထားသင့်သော ‘အို(၅)အို’ ကို မှတ်သားကျင့်သုံးစေခြင်းငှာ ထပ်ဆင့်မျှဝေ တင်ပြပါသည်။ကျွန်ုပ်၏မိတ်ဆွေများ ‘အိုကံ’ ကောင်း၍ လူ့ဘဝကို ရွှင်လန်းချမ်းမြေ့စွာ ဖြတ်သန်းကျော်လွှားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .။

**မေတ္တာများစွာဖြင့် . . .**

**မှီငြမ်း။** ။ Youtube

**သောင်းမြင့်ဇော်**
**သုံးဆယ်မြေ(မန္တလေး)**

## မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရား (၄၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရား (၄၅)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်မှ ၂၄ရက်အထိ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ကြပြီး မန္တလေးတောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မန္တလေးတောင်တော် ဩဝါဒါစရိယကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။

(၄၅)ကြိမ်မြောက် အသံမစဲပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပဋ္ဌာန်းရွတ်ဖတ်သော သံဃာတော်များအား မန္တလေးတောင်ဂေါပကအဖွဲ့နှင့် စေတနာအလှူရှင်များက ဆွမ်း၊ အချိုရည်နှင့် ရေသန့်တို့ လှူဒါန်းကြကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)

*-*-*-*-*



# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ- ၂၉

မန္တလေးငလျင်ကြီးဟာ အင်နဲ့အားနဲ့ လှုပ်လိုက်တဲ့အတွက် မန္တလေး၊ စစ်ကိုင်း၊ အမရပူရ အင်းဝ၊ ကျောက်ဆည်၊ တံတားဦး အစရှိတဲ့ ရှေးဟောင်းဒေသတွေက ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုး၊ ကျောင်းကန်၊ စေတီများစွာ ပြိုပျက်ခဲ့ရပါတယ်။ ပြိုပျက်တဲ့ အတိုင်းအတာအရ ဘုရားစေတီတွေရဲ့ အပျက်အစီးတွေ ရှင်းလင်းကြတော့ ဘုရားစေတီအချို့မှာ ဌာပနာတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဌာပနာတွေ့တဲ့ ဘုရားစေတီတွေဟာ တည်ထားတဲ့ နေရာဒေသ မတူညီကြပေမယ့် တွေ့လာရတဲ့ ၉၅ ရာခိုင်နှုန်းသော ဌာပနာဆင်းတုတော်များကတော့ အတွင်းက ချိတ်မြေခံပြီး အပြင်က ပါးလွှာတဲ့ ရွှေပြား၊ ငွေပြားကပ်ကာ ပြုလုပ်ထားတဲ့ ရွှေ၊ ငွေ ဆင်းတုတော်ငယ်လေးများ ဖြစ်တာကို တခုတ်တရ တွေ့ခဲ့ရပါတယ်။

အဲ့ဒီ ရွှေငွေပြားကပ် ဆင်းတုတော်ငယ်လေးများကို ပုဂံခေတ်၊ အင်းဝခေတ်နဲ့ ညောင်ရမ်းခေတ်ကာလမှာ တည်ထားခဲ့တဲ့ ဘုရားစေတီတော်များမှာ မတွေ့ရဘဲ ကုန်းဘောင်ခေတ်ဦးကာလမှာ တည်ထားခဲ့တဲ့ ဘုရားစေတီများမှာ စတင်တွေ့ရပြီး အမရပူရခေတ်နဲ့ ရတနာပုံခေတ်က တည်ထားခဲ့တဲ့ ဘုရားစေတီများမှာ အများအပြား တွေ့ခဲ့ရပါတယ်။ အထူးသဖြင့် ကုန်းဘောင်ခေတ်ဦး အလောင်းဘုရားရဲ့ ဒုတိယသားတော် ဆင်ဖြူရှင်(ခေါ်)မြေဒူးမင်းလက်ထက် အယုဒ္ဓယကို အောင်နိုင်ပြီး ခေါ်ဆောင်ခဲ့တဲ့ သုံ့လူများ အခြေချနေထိုင်ခဲ့ရာ ရပ်ရွာအနီး တည်ထားခဲ့တဲ့ ဘုရားစေတီများရဲ့ ဌာပနာများထဲမှာ စတင်ပြီး တွေ့ခဲ့ရပါတယ်။ ဖန်တီးတဲ့အခါမှာလည်း ငွေကိုအရည်ကျိုပြီး သွန်းလောင်းထားတာမျိုးမဟုတ်ဘဲ မှိုင်းခံစက္ကူတမျှ ပါးလွှာအောင်ခတ်ပြီး ဆောင်ရွက်ထားတယ်လို့ ခန့်မှန်းရပေမယ့် ဘယ်လိုပြုလုပ်ဖန်တီးခဲ့တယ်ဆိုတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကိုတော့ စတင်တွေ့ရတဲ့ ကာလကတည်းက စဉ်းစားလို့ မရခဲ့ပါဘူး။

ဒါပေမဲ့ သုတေသနပြု လေ့လာသူတစ်ယောက်ရဲ့ ရင်ထဲမှာသန္ဓေတည်နေတဲ့ သုတေသနပိုးက စေ့ဆော်လေတော့ အဲ့ဒီရွှေ၊ ငွေပြားကပ် ဆင်းတုတော် အကောင်းလေးတွေထက် အကြောင်းအမျိုးမျိုးကြောင့် ကျိုးပဲ့ပျက်စီးနေတဲ့ ဆင်းတုတော်အစိတ်အပိုင်းလေးတွေကို ပိုပြီး စူးစမ်းလေ့လာမိပါတယ်။ လေ့လာကြည့်တဲ့အခါ အတွင်းမှာခံထားတဲ့ ဝမ်းစာချိတ်မြေထဲမှာ ဝါးတုတ်ချောင်းငယ်ကို ဦးခေါင်းပိုင်းက ငယ်ထိပ်ကိုလွန်ပြီး မြုပ်နှံထားတာကို တွေ့ရပါတယ်။ ဆင်းတုတော်တစ်ဆူဟာ သတ္တုအရည်ကျိုသွန်းလောင်းခဲ့ရင်တော့ တစ်ဆက်တည်းမို့လို့ အတွင်းမှာ အခုလို မဏ္ဍိုင်ခံစရာ မလိုဘူးပေါ့။ ဒါကြောင့် ပျက်စီးပြီးသား ဆင်းတုတော်ကို စနစ်တကျ တစ်စစီဖြုတ်ကြည့်လိုက်တဲ့အခါမှာတော့ အတွင်းက ချိတ်မြေခံ အပြင်က ရွှေ၊ ငွေပြားကပ် ဆင်းတုတော်လေးတွေမှာ ပု·ဒိ·အာ ကိုယ်စားပြု ဥဏှိသ ရောင်လျှံတော်၊ မဏိတော်နဲ့ နားတော်တို့ဟာ တစ်ဆက်တည်းမဟုတ်ဘဲ ပြီးမှသီးသန့် တပ်ဆင်ထားတယ်ဆိုတာ သိလိုက်ရပါတယ်။

ဒါကြောင့်လည်း ဦးခေါင်းတော်နဲ့ မဏိတော် ဥဏှိသ ရောင်လျှံတော် ပြုတ်မထွက်အောင်၊ တစ်ဆက်တည်းဖြစ်အောင် အတွင်းက ဝါးမဏ္ဍိုင် ထည့်ထားခြင်းဖြစ်တယ်လို့ သဘောပေါက်နားလည်လာရပါတယ်။ လည်ပင်းတော် နေရာမှာလည်း ဆက်ထားသကဲ့သို့ ငွေသားလေးတွေ စုထားတဲ့သဘောမျိုး တွေ့ရတာလည်း သတိထားချင်စရာ အချက်တစ်ခုပါပဲ။ နောက်ထပ်



သဲကျောက်ထွင်း ပုံစံခွက် (Mould)



အတွင်းချိတ်ခံ ငွေပြားကပ်ဆင်းတု

တွေ့လာရတဲ့ အချက်တစ်ခုကတော့ အဲ့ဒီ ရွှေ၊ ငွေပြားကပ်ဆင်းတုတော်လေးတွေ အားလုံးဟာ ဝဲ၊ ယာနံဘေးနှစ်ဖက်မှာ လက်ခုပ်လက်ဝါး ဆက်သလို ဆက်ထားတဲ့ ဆက်ကြောင်းတစ်ခုစီကို တွေ့ရပါတယ်။ လက်ရာအရည်အသွေးအပေါ် မူတည်လို့ တချို့ထင်ရှားပေမယ့် တချို့ကကျတော့ မသိသာအောင်၊ မထင်ရှားအောင်ကိုဘဲ လက်ရာမြောက်စွာ တွဲဆက်ထားတာကို တွေ့ရပါတယ်။ အဲ့ဒါကို တွေ့ရပေမယ့် ဆင်းတုတော်တစ်ဆူလုံးကို ဘယ်ပုံဘယ်နည်းဖန်တီးတယ်ဆိုတာကိုတော့ ဂဃနဏ မသိရသေးတဲ့အတွက် အားမလိုအားမရ ဖြစ်နေမိတာတော့ အမှန်ပါပဲ။ ပျံလေသည့်ငှက်ခါးနားခါမှသိစေမယ်လို့ စိတ်ထဲက သတိနဲ့စောင့်နေတာ အခုတော့ မိပြီလို့ ဆိုနိုင်ပါပြီ။

အဲ့ဒါကတော့ တစ်ရက်မှာ သုတေသနလုပ်ငန်းတစ်ခုအတွက် မန္တလေးမြို့၊ လမ်း ၈၀နှင့်၂၄လမ်းထောင့်မှာရှိတဲ့ ယဉ်ကျေးမှုပြတိုက်ကို ရောက်သွားပါတယ်။ ပြီးတော့ ဗုဒ္ဓဆင်းတုတော်ပြခန်းဘက်ကို ခရီးသွားဟန်လွှဲဝင်ပြီး လေ့လာလိုက်တော့မှ ဆင်းတုတော်အချို့နဲ့အတူ ပုံစံခွက်(Mould)တစ်ခုကို တွေ့လိုက်မိပါတယ်။ နှလုံးခုန်သံတွေမြန်ပြီး အသက်ရှူရပ်သွားသလားလို့တောင် ကိုယ့်ကိုယ်ကိုယ် ထင်မိတယ်။ ဝမ်းသာလွန်းလို့လေ၊ တစ်လျှောက်လုံး သတိထားပြီးရှာနေတာ တွေ့မယ့်တွေ့တော့လည်း ခေတ်စကားနဲ့ပြောရရင် စပရိုက်ပေါ့။ ဆင်းတုတော်အချို့ဟာ အတူတွဲထားတဲ့ ပုံစံခွက်နဲ့ထုတ်လုပ်ထားတာမဟုတ်သော်လည်း ပလ္လင်တော်ပုံစံပဲ မတူတာပါ။ ကျန်တာက ပုံစံခွက်နဲ့ ထုတ်လုပ်ထားတဲ့အတိုင်း အနေအထား ဟန်ပန်အတူတူပါပဲ။ ဒါတောင် ပုံစံခွက်က မျက်နှာစာဘက်အခြမ်းတစ်ခုပဲ တွေ့ရတာပါ။ ကျောဘက်အခြမ်း မပါသေးဘူး။ သို့သော် အဲ့ဒီမျက်နှာစာ အခြမ်းတစ်ခုနဲ့တင် အတော်လုံလောက်သွားပါပြီ။

မြန်မာ့သမိုင်းမှာ အစောဆုံးခေတ်ဖြစ်တဲ့ ပျူခေတ်ဆင်းတုတော်များကို သတ္တုကိုအရည်ကျိုပြီး သွန်းလောင်းခဲ့ပါတယ်။ ပုဂံခေတ်၊ အင်းဝခေတ်နဲ့ ညောင်ရမ်းခေတ်တို့မှာလည်း သတ္တုကိုအရည်ကျိုပြီး သွန်းလောင်းခဲ့ကြတာပါပဲ။ အခုလို ပုံစံခွက်မျိုးကိုတော့ မတွေ့ခဲ့ရသေးပါ။ ပြောချင်တာက ပျူခေတ်မှ မျက်မှောက်ခေတ်တိုင်အောင် ကြေးသွန်းဆင်းတုတော်များကို သတ္တုအရည်ကျိုပြီး သွန်းလောင်းနေကြဆဲပါ။ အဲ့ဒီလို သွန်းလောင်းရာမှာလည်း မိမိသွန်းလောင်းလိုတဲ့ ရုပ်တု၊ ဆင်းတုတော်ကို ဦးစွာ မြေပုံကြမ်း ကိုင်ရပါတယ်။ မြေပုံကိုင်တယ်ဆိုတာ အင်္ဂါရုပ်အသေးစိတ် မဟုတ်ဘဲ ခေါင်း၊ ကိုယ်နဲ့ အောက်ပိုင်းအကြမ်းထည်တို့ကို ရွှံ့နဲ့ဖန်တီးခြင်းကို ခေါ်တာပါ။ အဲ့ဒီရွှံ့ခြောက်တော့မှ အပေါ်ကနေ ၁/၈" သို့မဟုတ် ၁/၄"ထု အလွှာလေးကို အသေးစိတ်ပျားဖယောင်းနဲ့ ပုံဖော်ရပါတယ်။ အဲ့ဒါကိုတော့ ဖယောင်းကိုင်တယ်လို့ ခေါ်ပါတယ်။ အဲ့ဒီဖယောင်းပုံမှာ သတ္တုရည်လောင်းထည့်ရမယ့် အပေါက်လည်းပါဝင်ပြီး စိတ်တိုင်းကျတော့မှ အပေါ်ကရွှံ့နဲ့ပြန်ပြီး အုပ်ရပါတယ်။ အဲ့ဒီရွှံ့ခြောက်တဲ့အခါအပြင်က မီးအပူပေးလိုက်တော့ စောစောက ကိုင်ထားတဲ့ ဖယောင်းအလွှာဟာ အရည်ပျော်ပြီး ထွက်သွားပါတယ်။ ထွက်သွားတဲ့ ဖယောင်းလွှာ နေရာထဲကို အရည်ကျိုထားတဲ့ သတ္တုရည်လောင်းထည့်လိုက်ပြီး အေးတဲ့အခါ အပေါ်ကရွှံ့အလွှာ ခွာလိုက်တော့ အင်မတန်လှပတဲ့ ဆင်းတု၊ ရုပ်တုလေးကို ရလာပါတယ်။ ဒါက သတ္တုအရည်ကျိုပြီး သွန်းလောင်းဖန်တီးတဲ့ ရုပ်တု၊ ဆင်းတုတော်ပါ။ အဲ့ဒီလုပ်ငန်းစဉ်မှာ ပုံစံခွက်လုံးဝမပါတာ သတိထားမိကြမှာပါ။

အခုတင်ပြထားတဲ့ ပုံစံခွက်ဟာ ငွေပြားကပ်ဆင်းတုတော်ပြုလုပ်ဖို့ စိတ်ရှည်လက်ရှည် ဖန်တီးထားတာပါ။ လက်ရာလည်း တော်တော်မြောက်ပါတယ်။ ဥဏှိသရောင်လျှံတော်၊ ဆံတော်၊ သင်္ကန်းတော်၊ လက်တော်၊ ခြေတော်နဲ့ပလ္လင်တော်တို့မှာပါတဲ့ အမွှမ်းပန်းလေးတွေကအစ အသေးစိတ် ပြုလုပ်ထားသလို ခေတ်ဟန်အချိုးအစားလည်း အလွန်ကျနသေသပ်လှပါတယ်။ ပုံစံခွက်ရဲ့သဘောသဘာဝအတိုင်း ပြောင်းပြန်ထွင်းထားတာဖြစ်လို့ ပြုလုပ်သူရဲ့ အရည်အချင်းကို အသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး။ ပုံမှန်အတိုင်း သဲကျောက်ကို အချိုးအစားကျကျ ထွင်းထုရတာ မခက်ခဲသော်လည်း အတွင်းခွက်ပြီး ပြောင်းပြန်ထွင်းရတာ အတော်ပဲ ပညာသားပါတာမို့လို့ ချီးကျူးစရာ အလွန်ကောင်းတာပါ။ အခုတင်ပြထားတာ မျက်နှာဘက်အခြမ်းဖြစ်ပြီး ကျောဘက်အခြမ်းလည်း ရှိရဦးမှာပါ။ မတွေ့သေးလို့ပါ။ အကယ်၍သာ ကျောဘက်အခြမ်း ပုံစံခွက်ကိုသာ တွေ့ခဲ့မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။ အခုတွေ့ရတဲ့ ပုံစံခွက်ကိုလေ့လာပြီး တွေ့ရတာက ဦးခေါင်းထပ်မှာပါတဲ့ ဥဏှိသ ရောင်လျှံတော်ရဲ့ ပုံစံနဲ့အတိုင်းအတာအရ ကုန်းဘောင်ခေတ်ဦး(သို့မဟုတ်)အမရပူရခေတ်ဟန်ဖြစ်ပါတယ်။ သူ့ရှေ့က ညောင်ရမ်းခေတ်ဟန်ဆိုရင် ကြက်သွန်ဥ(သို့မဟုတ်)ပဒုမ္မာကြာဖူးသဏ္ဌာန် တွေ့ရလေ့ရှိပါတယ်။

အထူးသဖြင့် အမရပူရခေတ်မှာ ဥဏှိသ ရောင်လျှံတော်ကို သစ်သားပွတ်ခံလို့ အထွတ်ရှည်ရှည် ပြုလုပ်လေ့ရှိပါတယ်။ နောက်တစ်ချက်က နဖူးဆံစမှာ ပါလေ့ရှိတဲ့ သင်းကျစ်တော်ကို ညောင်ရမ်းခေတ်မှာ ကြာပွင့်ဖက်လေးများနဲ့ အလှဆင်ထားတဲ့ အပြားသဏ္ဌာန်ဖန်တီးရာမှ အမရပူရခေတ်ရောက်တဲ့အခါ အထူးသဖြင့် မံဆင်းတုတော်များမှာ ဆံစလိုင်းလေးအဖြစ်သာ ပြုလုပ်လာတာကို အခုပုံစံခွက်မှာ အထင်အရှား တွေ့ရပါတယ်။ သင်္ကန်းတော်ကိုတော့ သင်ပုန်းခေါင်းပုံမဟုတ်ဘဲ အညွန့်ပျောက်ပြီး အဝိုင်းပုံ ပြုလုပ်ထားပါတယ်။ ပုံမှန်မြင်တွေ့နေကျ မြေသက်သေညွှန်းဟန် ညာလက်ကိုလည်း ပုံစံခွက်မှာ ထွင်းထားတာဖြစ်လို့ ဘယ်လက်အသွင် တွေ့မြင်ရတာပါ။ မှန်ထဲမှာ တွေ့မြင်ရတဲ့ ပုံရိပ်ရဲ့ သဘောမျိုးနဲ့ အတူတူပါပဲ။ နောက်ဆုံးတစ်ချက်ကတော့ ပလ္လင်တော်ရဲ့ အနေအထားဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်ဦး အလောင်းမင်းတရားရဲ့ ဒုတိယသားတော် ဆင်ဖြူရှင်(ခေါ်)မြေဒူးမင်းလက်ထက်မှာ အယုဒ္ဓယကို အောင်မြင်ခဲ့ပြီး ဆွေတော်မျိုးတော်များအပြင် နှုတ်မှုလက်မှု ပညာသည်များကို မြန်မာပြည်ခေါ်လာခဲ့ပြီး မကွေးကနေ ရေဦးအထိ မြို့ရွာနေရာဒေသအသီးသီးမှာ လုပ်မြေစားမြေပေးအပ်လို့ နေရာချထားခဲ့ပါတယ်။

ဒါကြောင့် မုံရွာအနီး သာစည်အရပ်နဲ့ ရေဦးနယ်တစ်ဝိုက်မှာ ရောက်ရှိနေထိုင်ကြသူတွေက မံဆင်းတုတော်များကို တလင်းသိမ်းအပြီး နွေရာသီလုပ်ငန်းအသွင် များစွာလုပ်ကိုင်ခဲ့ကြလို့ အထက်မြန်မာပြည်နဲ့ ရှမ်းပြည်နယ်မှာ အမရပူရခေတ်ဟန်ဆင်းတုတော်အများအပြားကို နေ့စွဲပါ ကမ္ပည်းစာများနဲ့တကွ တွေ့ခဲ့ရပါတယ်။ အဲ့ဒီဆင်းတုတော်များမှာ အစဉ်အလာ ဆင်းတုတော်များနဲ့ ကွဲလွဲတဲ့အချက်က ပလ္လင်တော်မှာ တွေ့ရပါတယ်။ ပုံမှန်အားဖြင့် ဖောင်းကြွကြာပွင့်ချပ်နဲ့ ဖန်တီးထားသော်လည်း အမရပူရခေတ်မှာတော့ ပိုပြီး သွယ်လျတဲ့ ကြာပွင့်ချပ်ပုံ၊ ညောင်ရွက်ပုံ၊ ကြာနှုတ်ပုံနဲ့ ရာဇမတ်ကွက်များ၊ စိန်တောင်၊ စိန်တန်းပုံများကို ပြောင်းလဲဖန်တီးလာတာကို တွေ့ရပါတယ်။ အဲ့ဒီပုံတွေဟာ အများအားဖြင့် အယုဒ္ဓယဟန်နွှယ်နေတာမို့လို့ အခုလို သိသာထင်ရှားစွာ ပြောင်းလဲတာလို့လည်း ကောက်ချက်ချနိုင်ပါတယ်။

သိသာတဲ့ တွေ့ရှိချက်တစ်ခုက ညောင်ရမ်းခေတ်နှောင်းအထိ ဆင်းတုတော်များဟာ ပလ္လင်တော်ဟာ သိသာစွာ မမြင့်သော်လည်း ကုန်းဘောင်ခေတ်ဦး၊ အမရပူရခေတ်မှာတော့ ပလ္လင်တော် သိသာစွာမြင့်မားလာတဲ့အပြင် အောက်ခြေကားလာတာကိုလည်း တွေ့ရပါတယ်။ အထူးသဖြင့် ပလ္လင်တော် အောက်ခြေမျဉ်းနဲ့ ဆင်းတုတော်ရဲ့ မကိုဋ်အထွတ်အထိ ဉာဏ်တော်ဟာ သိသာစွာ သွယ်လျနေတာကို တွေ့ရပါတယ်။ အဲ့ဒီအချက်ဟာ ယိုးဒယားဆင်းတုတော်များမှာ တွေ့ရတဲ့အချက်နဲ့အတော်ကို တူနေပါတယ်။ စစ်ကိုင်းမြို့ ယိုးဒယားစုရပ်မှာ ယိုးဒယားတွေ ကိုယ်တိုင်တည်ဆောက်ပြီး လှူဒါန်းခဲ့တဲ့ သိမ်တော်ကြီးအတွင်းမှာ ရေးဆွဲခဲ့တဲ့ ယိုးဒယားပန်းချီ ၉၀ ရာခိုင်နှုန်း တူညီနေတာကို တွေ့ရတဲ့အတွက် ငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရပြီး ထွက်ပေါ်လာတဲ့ အတွင်းချိတ်ခံ ရွှေ၊ ငွေပြားကပ် ဆင်းတုတော်များဟာ မြန်မာ့လက်ရာစစ်စစ်ထက် ယိုးဒယားဟန် လွှမ်းနေတယ်လို့ သုံးသပ်ရပါကြောင်း။

ကျမ်းညွှန်း- နယ်လှည့်ရာဇဝင် ဒေါက်တာ သန်းထွန်း
- လက်တွေ့ကွင်းဆင်းတွေ့ရှိချက်များ

ရက္ခိတ(ရှေး/သု)



## မန္တလေးတက္ကသိုလ်ဓမ္မာရုံပြန်လည်ပြုပြင်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေး၊ အလှူငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၃**

၂၀၂၅ခုနှစ်၊ မတ်၂၈ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ မန္တလေးတက္ကသိုလ် ဓမ္မာရုံကြီးသည် နံရံများ၊ ကြမ်းခင်းများ၊ အမိုးအကာများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀နာရီက မန္တလေးတက္ကသိုလ် သုတေသနစင်တာခန်းမတွင် ကျင်းပရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာနေဝင်းဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ စီမံဘဏ္ဍာဌာနမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာနှင့် နယ်မြေဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ပါမောက္ခ(ငြိမ်း)ဦးတင်မောင်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ **(အပေါ်ဓါတ်ပုံ)**

အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်က မန္တလေးတက္ကသိုလ်ဓမ္မာရုံ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများနှင့်ပြန်လည် ပြုပြင်ရေးဆိုင်ရာများကိုလည်း တက်ရောက်လာသော မန္တလေး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများက ပြန်လည် ပြုပြင် ရေးဆိုင်ရာများ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မန္တလေးတက္ကသိုလ် ဓမ္မာရုံပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် မန္တလေးတက္ကသိုလ် ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဆရာကြီးဦးတင်မောင်+ဆရာမကြီးဒေါ်ခင်မြမြ(သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း)မိသားစုက ငွေကျပ်သိန်း ၅၀ မ,တည်လှူဒါန်းရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ကလက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

## မိုင်းယောင်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ဝမ်ဘိုးအုပ်စု၊ နားဖန်းကျေးရွာ၌ ယမန်နေ့ ညနေ ၃ နာရီက အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ကင်းစင်ရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး၊ အထွက်နှုန်းပန်းတိုင်ပြည့်မီရေး၊ လူငယ်ရေးရာအသိပညာပေးဟောပြောပြီး အုတ်ကြွပ်များ အဆင့်မီထုတ်လုပ်နိုင်ရေး၊ ရာဘာ၊ ကော်ဖီနှင့် လက်ဖက်များ ကုန်ချောထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၅ဝ၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## သောက်သုံးရေ လိုအပ်နေသော ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၃၂၀ဝ လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ယမန်နေ့ နံနက်ပိုင်းတွင် သောက်သုံးရေ လိုအပ်နေသော ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ရေဂါလန် ၃၂၀ဝ လှူဒါန်းခဲ့သည်။

ထိုသို့ သောက်သုံးရေလှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ်၊ မြေသင်းတွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအတွက် သောက်သုံးရေဂါလန် ၃၂၀ဝ အား လှူဒါန်းခဲ့သည်။

အလားတူ သောက်သုံးရေလှူဒါန်းပေးခြင်းကို ညောင်ဦးမြို့နယ် မရောင့်ရဲကျေးရွာရှိ ဒေသခံပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေ အဆင်ပြေစေရန် ရေဂါလန် ၃၂၀ဝ အား ကျေးရွာရှိ အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (၄၄၅)

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ပရိတ်တော်ခွမ်းအား

- - - - - - - - - - - -

* သုံးလူ့ထိပ်တင် မြတ်ဘုန်းရှင်၏
နှုတ်တွင်ဟောမြွက် ဓမ္မစက်သည်
ဖြစ်ပျက်ဘယာ ဘေးကင်းကွာ၍
ဝေဖြာကောင်းကျိုး ဘုန်းရှိန်တိုးကာ
မျိုးမျိုးစုံစွာ ကောင်းမြတ်ရာတို့
ပြည့်ကာကြွယ်ဝ ချမ်းသာရ၏။

* အစဦးစွာ ကျက်သရေဖြာဖို့
မင်္ဂလာတရား နေ့စဉ်ပွားကာ
သုံးပါးရတနာ ဆိုသစ္စာနှင့်
မေတ္တာတန်ခိုး လွှမ်းခြုံမိုးပြီး
ဆိပ်မျိုးပြင်းထန် "မြွေ၊ ကင်း"ရန်ကို
တွန်းလှန်တားဆီး ချမ်းသာကြီး၏။

* ဘေးရန်ချုပ်နှောင် လွတ်ကင်းအောင်နှင့်
ကျွမ်းလောင်မီးဘေး ကွင်းရှောင်ရေးပြင်
ကင်းဝေးစေရာ ထိတ်လန့်တာတို့
မိစ္ဆာနှောင့်ယှက် သူနိုပ်စက်လည်း
စိတ်လက်ချမ်းသာ အေးချမ်းစွာပင်
ဝေဖြာကောင်းကျိုး ချမ်းသာတိုး၏။

* သားဖွားမီးနေ ခက်ခဲလေလျှင်
ကိုယ်နေပင်ပန်း နာမကျန်းလျှင်
ဆိုးသွမ်းဖြစ်အင် ဂြိုဟ်စီးဝင်လျှင်
စွမ်းအင်ထက်လှ ပရိတ္တကို
ရွတ်ကြစေချင် ပရိတ်စဉ်ကို
နေ့စဉ်ရွတ်ပွား ကောင်းကျိုးများလို့
ဘေးတားရန်ကာ ပြုအပ်စွာ၏။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**




## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားမှုရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ပြည့်စုံစွာဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။



ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၅၂ ဒသမ ၈၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၇သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၇၅သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၃သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

(ဓါတ်ပုံ) ဆက်လူ

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄၀)၏ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးခ အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ စလစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးနန်းတင်(ဘ)ဦးကျော်(၉/မရတ(နိုင်)၀၃၅၇၂၃)နှင့် ဒေါ်အေးအေးသင်း(ဘ)ဦးလမ်းဗိုလ်(ခ)ဦးလန်းဘို(၉/နထက(နိုင်)၀၂၂၁၅၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဝင်းဇော်ထူး(LL.B) ဦးခန့်ဝေဖြိုး (LL.B)**

**တိုက်အမှတ်(၂၅)၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၁၈၈၇၄၈၊ ၀၉-၄၄၇၉၉၉၃၅၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊မြရည်နန္ဒာအိမ်ရာ၊အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၁၃)၊ အခန်းအမှတ်(၁၁)၊ ဒုတိယထပ်တိုက်ခန်းရှိ ဦးခင်မောင်အေး အမည်ဖြင့်ချထားပေးသော အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူများဖြစ်ကြသည့် ဦးကျော်စိုးအောင်(ဘ)ဦးစိန်ဝင်း(၈/ရနခ(နိုင်)၀၉၇၈၅၀)နှင့် ဒေါ်နွေးဇာခြည်ဝင်း(ဘ)ဦးဝင်းရွှေ(၈/ရနခ(နိုင်)၀၉၇၈၀၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်စံ(ဘ)ဦးကျော်မြ(၁/ကမန(နိုင်)၀၃၃၅၂၃)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နန်းအိရွှေစင်(LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊၀၉-၆၉၃၉၉၉၁၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊မြရည်နန္ဒာအိမ်ရာ၊အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁၅)၊ တတိယထပ်တိုက်ခန်းရှိ ဒေါ်ခင်သန်းဆွေ အမည်ဖြင့်ချထားပေးသော အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးခင်ဇော်လတ်(ဘ)ဦးမောင်မောင်တင်(၅/စကန(နိုင်)၁၄၀၀၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင်(ဘ)ဦးထွန်းမြင့်(၉/ခမစ(နိုင်)၀၂၂၁၁၂)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နန်းအိရွှေစင်(LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊၀၉-၆၉၃၉၉၉၁၁၃**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတန်းဖိုးမျှ/သင့်အိမ်ရာစီမံကိန်း (၄)ခန်းတွဲ (၆)ထပ်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၁)၊ အခန်း(၁၅)၊ တတိယထပ် ဒေါ်ခင်သန်းဆွေ အမည်ပေါက်တိုက်ခန်း တိုက်ခန်းစလစ်ကတ်ပြားမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါလိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်သန်းဆွေ(၉/နထက(နိုင်)၀၀၁၉၂၀)**

**ဖုန်း ၀၉-၄၂၁၁၂၇၇၇၉၊ ၀၉-၇၉၇၂၉၅၄၂၅**

၁၉၁၄ခု၊ပြည်သူ့ဆေးရုံတော်ကြီး(ခ) General Hospital ၏တောင်ဘက်၊
အကွက်အမှတ်(၇၁၂)၊ဦးပိုင်(၁၁/၁၂) တပယ်ဈေးဗလီနှင့် ချမ်းအေးသာစံအလယ်ရပ်၊
အကွက်အမှတ်(၆၀၃)၊ဦးပိုင်အမှတ်(၁/၂)မြေယာအဆောက်အဦး အလှူဒါယကာ
ဟာဂျီဦးဘိုးသာနှင့်ဇနီးဟာဂျီမဒေါ်မယ်မျှင်ဝကာဖ်တိုက်၏

### ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ မှ ဒီဇင်ဘာ လ အထိ ရငွေ / သုံးငွေ နှစ်ချုပ်

### " ငွေစာရင်းရှင်းတမ်း "

| စဉ် | အကြောင်းအရာ | ဝင်ငွေ ငွေသား(ကျပ်) | ဝင်ငွေ ပြား | စဉ် | အကြောင်းအရာ | ထွက်ငွေ ငွေသား(ကျပ်) | ထွက်ငွေ ပြား |
|---|---|---|---|---|---|---|---|
| ၁ | တိုက်ခန်းလခရငွေစာရင်း | 14,940,000 | - | ၁ | ပြည်သူ့ဆေးရုံတော်ကြီးပေးလှူစာရင်း | 1,000,000 | - |
| ၂ | ရေ+မီးသုံးစွဲခရငွေစာရင်း | 720,000 | - | ၂ | ဗလီများသို့ပေးလှူငွေစာရင်း | 690,000 | - |
| ၃ | ရေသန့်+မိလ္လာဝန်ဆောင်ခရငွေစာရင်း | 950,000 | - | ၃ | အဆက်အနွယ်များပေးငွေစာရင်း | 488,400 | - |
| | | | | ၄ | စာရေးလစာပေးငွေစာရင်း | 600,000 | - |
| | | | | ၅ | လျှပ်စစ်မီတာခပေးဆောင်စာရင်း | 428,700 | - |
| | | | | ၆ | စည်ပင်သာယာခွန်ဆောင်စာရင်း | 97,500 | - |
| | | | | ၇ | ဝကာဖ်တိုက်အသုံးစရိတ်စာရင်း | 95,000 | - |
| | | | | ၈ | စာရေးကိရိယာ+ပုံနှိပ်ခစာရင်း | 265,700 | - |
| | ပေါင်း | 16,610,000 | - | | ပေါင်း | 3,665,300 | - |
| | စာရင်းဖွင့်လက်ကျန်ငွေ | NIL | - | | စာရင်းပိတ်လက်ကျန်ငွေ | Nil | - |
| | စာရင်းဖွင့်ဘဏ်လက်ကျန်ငွေ | 5,489,845 | 66 | | စာရင်းပိတ်ဘဏ်လက်ကျန်ငွေ | 18,434,545 | 66 |
| | စုစုပေါင်း | 22,099,845 | 66 | | စုစုပေါင်း | 22,099,845 | 66 |

ပုံ/

**တပယ်ဈေးဗလီဒါယကာဟာဂျီဦးဘိုးသာနှင့်**

**ဇနီးဟာဂျီမ ဒေါ်မယ်မျှင်ဝကာဖ်ဝဆီ့မိုတာဝါလီလူကြီးများ**

၁၉၁၄ခု၊ပြည်သူ့ဆေးရုံတော်ကြီး(ခ) General Hospital ၏တောင်ဘက်၊
အကွက်အမှတ်(၇၁၂)၊ဦးပိုင်(၁၁/၁၂) တပယ်ဈေးဗလီနှင့် ချမ်းအေးသာစံအလယ်ရပ်၊
အကွက်အမှတ်(၆၀၃)၊ဦးပိုင်အမှတ်(၁/၂)မြေယာအဆောက်အဦး အလှူဒါယကာ
ဟာဂျီဦးဘိုးသာနှင့်ဇနီးဟာဂျီမဒေါ်မယ်မျှင်ဝကာဖ်တိုက်၏၂၀၂၅ခုနှစ်အထိဗလီများ၊အဆက်
အနွယ်များ၊ပြည်သူ့ဆေးရုံတော်ကြီးသို့ယခုအချိန်ထိ စဉ်ဆက်မပြတ်
လှူဒါန်းထောက်ပံ့ကူညီငွေများ ထုတ်ပေးပြီးစာရင်း

| စဉ် | | စာရင်းခေါင်းစဉ်အမည် | ၂၀၂၅ခုနှစ်အထိ လှူဒါန်းထောက်ပံ့ငွေ ပေးပြီးစာရင်း | စုစုပေါင်းလှူဒါန်းထောက်ပံ့ငွေ ပေးပြီးစာရင်းချုပ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | | ဗလီများသို့ပေးလှူစာရင်း | | 23,273,815 | |
| | ၁ | တပယ်ဈေးဗလီ | 10,340,740 | | |
| | ၂ | အမြောက်တန်းဗလီ | 5,979,740 | | |
| | ၃ | တိုက်တန်းဗလီ | 1,360,667 | | |
| | ၄ | ဌာန်းဗလီ | 1,360,667 | | |
| | ၅ | တောင်အိုးဘိုဗလီ | 1,510,667 | | |
| | ၆ | အရှေ့ကုန်းရိုးဗလီ | 1,360,667 | | |
| | ၇ | သူဌေးတန်းဗလီ | 1,360,667 | | |
| ၂ | | အဆက်အနွယ်များထောက်ပံ့စာရင်း | | 12,643,209 | |
| | ၁ | ဦးဘိုးဝင်းအဆက် | 6,867,182 | | |
| | ၂ | ဦးဘိုးအောင်အဆက် | 2,174,080 | | |
| | ၃ | ဟာဂျီဦးချစ်စုအဆက် | 2,207,680 | | |
| | ၄ | ဒေါ်ရာဇီယာအဆက် | 1,394,267 | | |
| ၃ | | General Hospital(ခ)ပြည်သူ့ဆေးရုံတော်ကြီးပေးလှူစာရင်း | | 7,257,089 | |
| | ၁ | မန္တလေးပြည်သူ့ဆေးရုံတော်ကြီး | 7,257,089 | | |
| ၄ | | သီးခြားလှူငွေရစာရင်း | | 3,700,000 | |
| | ၁ | မန္တလေးကျုံးပြင်ဆင်မွမ်းမံရန်အတွက် | 500,000 | | |
| | ၂ | General Hospital(ခ)ပြည်သူ့ဆေးရုံတော်ကြီး | 500,000 | | |
| | ၃ | မောရဂီဝါ+မြရည်နန္ဒာမီးဘေးအတွက် | 700,000 | | |
| | ၄ | ရခိုင်ပြည်နယ် | 2,000,000 | | |
| | | စုစုပေါင်း | 46,874,113 | 46,874,113 | |

ပုံ/

**တပယ်ဈေးဗလီဒါယကာဟာဂျီဦးဘိုးသာနှင့်**

**ဇနီးဟာဂျီမ ဒေါ်မယ်မျှင်ဝကာဖ်ဝဆီ့မိုတာဝါလီလူကြီးများ**

❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက် အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ပြုလုပ်သော မန္တလေးလျှင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## မြစ်ကြီးနားလေဆိပ်တွင် ခရီးသည်တင် လေယာဉ်တစ်စင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ နောက်ဆက်တွဲ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာမည့်မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV suicide drone များဖြင့် ယုတ်မာပက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ ထိခိုက်ပျက်စီးခဲ့ရသည်။ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပြည်သူလူထုအား တိုက်ရိုက်ထိခိုက်သော အကြမ်းဖက်တိုက်ခိုက်မှုကို ပြည်သူလူထုတစ်ရပ်လုံးမှ ဝိုင်းဝန်းရှုတ်ချကြရန် လိုအပ်ပါသည်။

လက်ရှိအချိန်တွင် လေဆိပ်ရှိ လေယာဉ်ရပ်နားနေရာ(apron) အနည်းငယ်ပျက်စီးခဲ့မှုကြောင့် မြစ်ကြီးနားလေဆိပ်၏ လေယာဉ်ပျံသန်းပြေးဆွဲမှုများအား ခေတ္တရပ်နားထားရန် လေယာဉ်မှူး အသိပေးစာ (NOTAM)အား ထုတ်ပြန်ထားကြောင်းနှင့် အများပြည်သူခရီးသွားလာရေးနှင့် ကုန်စည် စီးဆင်းမှုမြန်ဆန်စေရေးတို့အတွက် ပုံမှန်အတိုင်း လေယာဉ်ပျံသန်းပြေးဆွဲနိုင်ရေး အမြန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော ဦးကိုကိုလတ်၏ ခန့်အပ်လွှာကိုလက်ခံ၍ အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဦးကိုကိုလတ်၏ ခန့်အပ်လွှာကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံ၍ ၎င်းအား အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။

သတင်းစဉ်

## မြန်မာ့လက်ဖက်ခင်းပုံ (၂၀၀)ကျပ်တန် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့လက်ဖက်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့လက်ဖက်ခင်းပုံ(၂၀၀)ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ဖေဖော်ဝါရီ ၂၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ်(Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်




## AFF Women's Futsal Championship 2026 ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်




ရန်ကုန် ဖေဖော်ဝါရီ ၂၃

AFF Women's Futsal Championship 2026 ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို Nakhon Ratchasima ရှိ Sima Thani Hotel တွင် ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးနည်းပြချုပ် ဒေါ်ဝါခိုင်က "ကျွန်တော်တို့ အသင်းအနေနဲ့ ပြိုင်ပွဲမတိုင်ခင် ပြင်ဆင်ချိန် တစ်လ ရရှိခဲ့ပါတယ်။ ဒီကာလအတွင်းမှာ ကစားသမားတွေရဲ့ ကြံ့ခိုင်မှုနဲ့ အခြေခံနည်းစနစ်တွေကို ပြင်ဆင်ထားပါတယ်။ အသင်းဟာ လူငယ်အများစုနဲ့ ဖွဲ့စည်းထားတာကြောင့် အတွေ့အကြုံကောင်းတွေရရှိမယ့် ပြိုင်ပွဲတစ်ခုပါ။ အသင်းတိုင်းကိုလည်း လေးလေးစားစား ယှဉ်ပြိုင်သွားမှာပါ။ ကစားသမားတွေရော နည်းပြအဖွဲ့ဝင်တွေအားလုံးက စည်းစည်းလုံးလုံးနဲ့ ကြိုးစားနေကြသလို အောင်မြင်မှု တစ်ခုခု ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပရာ Terminal 21 ကွင်းတွင် Official Training ပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသမီးအသင်းသည် AFF Women's Futsal Championship 2026 ပြိုင်ပွဲကို ကစားသမား ၁၄ ဦး၊ အုပ်ချုပ်နည်းပြ ၁၀ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသမီးအသင်းသည် AFF Women's Futsal Championship 2026 အုပ်စု(ခ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)